မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ထရွန်တန်ဆန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက်ခြင်းခံရသည့် မဒမ် ငုယင် သီဒိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မဒမ် ငုယင် သီဒိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ရာနှုန်းပြည့် မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက် နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်

မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက် အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်မြှင့်တင်

နေပြည်တော် ဩဂုတ် ၂

အမျိုးသားရေးအသွင်ဖြင့် နှစ်စဉ်ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ဩဂုတ်လ ပထမပတ်မှ စတုတ္ထပတ်အထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ဩဂုတ်လ ပထမပတ်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် အကြိမ် (၂၀)မြောက်ဖြစ်ပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများသည် (၉)ကြိမ်မြောက်ဖြစ်ကြောင်း၊ ယနေ့ကစတင်၍ မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေးသည် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ အာဟာရလွန်ကဲမှုပြဿနာကာကွယ်ရေး၊ အာဟာရပြည့်ဝမျှတစွာ စားသုံးတတ်သည့်ဓလေ့ ပိုမိုထွန်းကားလာရေး စသည့်ရည်မှန်းချက်များချမှတ်လျက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

တိုက်ကျွေး

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် "အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ" ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဝိသေသရည်မှန်းချက်များအနေဖြင့် မွေးစမှ အသက်(၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားစေရန်၊ အသက်(၂)နှစ်မှ (၅)နှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသားအရွယ် ***စာမျက်နှာ ၃ ကော်လံ ၁*** ❖

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနား အပြီးတွင် အသက်(၆)လမှ (၅)နှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

3-8 (01).pmd 1 8/3/2011, 2:04 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၃ ရက်)

ဒီရေတောများ အရှည်တည်တံ့ရေး ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံရှိ သစ်တောများကို အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် မူဝါဒများ ချမှတ်ကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

“ဥတုရာသီတောကိုမှီ”ဆိုစကားအရ သစ်တော၊ သစ်ပင်များ ပျက်သုဉ်းပျက်စီးပါက ရာသီဥတုများ ဖောက်ပြန်ပြီး အပူလှိုင်းကျရောက်ခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်း ထူထပ်စွာ ကျရောက်ခြင်းစသည်ဖြင့် ဖြစ်ပေါ်ရသည်။

မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေ တို့သည် သဘာဝပတ်ဝန်းကျင်နှင့် လူသားများအပေါ် အကျိုးပြုလျက်ရှိသည်။ လူသားများအပေါ် သစ်တောဂေဟစနစ်အကျိုးပြုမှုတွင် ဒီရေတောများလည်း ပါဝင်လျက်ရှိသည်။ ဒီရေတောများသည် လေပြင်းမုန်တိုင်း တိုက်ခတ်မှုများမှ ကာကွယ်ပေးခြင်း၊ လယ်ယာမြေများ ဆားငန်ရေ ဝင်ရောက်မှုကို တားဆီးပေးနိုင်ခြင်း၊ ငါးပုစွန်များ ရှင်သန်ပေါက်ပွားကြီးထွားရန် အစာကွင်းဆက်ကို သဘာဝအလျောက် ဖြစ်ပေါ်စေခြင်း၊ စားနပ်ရိက္ခာပေါကြွယ်ဝစေခြင်း စသည်တို့အတွက် အထောက်အကူပြုလျက်ရှိသည်။

ဒီရေတောပင်ဟူသည်မှာ ပင်လယ်ဆားငန်ရေကို မကြောက်သော ဗြူး၊ မမေ၊ ကနစို၊ သင်ပေါင်း စသည့် သဘာဝပေါက်ပင်များဖြစ်ကြသည်။

လူသားများအတွက် အဘက်ဘက်က အကျိုးပြုလျက်ရှိသော ဒီရေတောများကို လူအချို့တို့သည် ထင်း၊ မီးသွေးနှင့် အိမ်ဆောက်ပစ္စည်းအဖြစ် ခုတ်ယူသုံးစွဲခဲ့ကြသည်။ နှစ်ပေါင်းများစွာ ခုတ်ယူသုံးစွဲမှုတို့ကြောင့် ဒီရေတောပင်များ ပြုန်းတီးလာရပြီး ရာသီဥတုဖောက်ပြန်သည့်ဒဏ်ကို ဒေသခံပြည်သူများခံစားကြရသည်။ ဒီရေတောများ ပျက်စီးသည့်ဒေသများသည် ဆိုးရွားသော ရာသီဥတုကို ခံစားကြရသည်။

ယခုအခါ ဒီရေတောများ၏ အကျိုးကျေးဇူးကို ပြည်သူများသိရှိလာသည့်အလျောက် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် လေဒဏ်၊ လှိုင်းဒဏ်ကာကွယ်နိုင်ရန် ဒီရေတောများကို ပြည်သူများပါဝင်လျက် တိုးချဲ့စိုက်ပျိုး ထူထောင်လျက်ရှိကြသည်။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်၍လည်း ဒေသခံပြည်သူတို့ လိုအပ်သည့် ထင်း၊ မျောတိုင်၊ သစ်တို့ ဖူလုံစေရန်နှင့် ရာသီဥတုဒဏ်ကာကွယ်ရန် စိုက်ပျိုးခဲ့သည်။

သို့ဖြစ်ပေရာ ဒီရေတောများသည် သက်ရှိသတ္တဝါအားလုံးကို အကျိုးပြုနေသည့်အလျောက် ဒီရေတောများ အရှည်တည်တံ့ရေးအတွက် ဒီရေတောဂေဟစနစ်များ ထူထောင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကွမ်းလုံ၌ ပညာပေးဟောပြော

ကွမ်းလုံ ဩဂုတ် ၂

ကွမ်းလုံခရိုင် ကွမ်းလုံမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်း သံလွင်ဆောင်၌ ကျင်းပရာ ဒုတိယရဲမှူးခင်မောင်ရွှေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ဆောင်ရန် ရှောင်ရန်အချက်များကို ပညာပေးဟောပြောပြီး (အပေါ်ပုံ) ယာဉ်ထိန်းရဲတပ်ကြပ်ကြီး သက်ဆွေက လက်တွေ့သရုပ်ပြ ရှင်းလင်းသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြောင်းမြ၌ တောင်သူများအား ထောက်ပံ့ငွေပေးအပ်

မြောင်းမြ ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းရှိ တောင်သူများအား မြောင်းမြမြို့ ဆန်စက်ပိုင်ရှင်များအသင်းမှ ဖွဲ့စည်းထားသော မြောင်းမြနဂါးကုမ္ပဏီက စိုက်စရိတ် နှင့် သွင်းအားစုထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က မြောင်းမြ မြို့နယ် ပြင်ရွာကျေးရွာ၊ ရွာလယ်ကျောင်းဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး မြောင်းမြနဂါးကုမ္ပဏီ အုပ်ချုပ်မှု ဒါရိုက်တာ ထိန်လင်းရတနာဆန်စက်ပိုင်ရှင် ဦးသန့်စင်နှင့် ဝင်း-မိသားစု ဆန်စက်ပိုင်ရှင် ဦးမောင်ဝင်းတို့က ရွှေနဒီလယ်ယာကုန်ထုတ်အသင်းသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

မြောင်းမြနဂါးကုမ္ပဏီမှ ပြင်ရွာကျေးရွာ၊ ငါးရာဘိုကျေးရွာနှင့် ငါးမြင်းချောင်းကျေးရွာ လယ်ယာကုန်ထုတ်အသင်းဝင် တောင်သူများအား စိုက်ပျိုးစရိတ် ငွေကျပ် ၄၀၇ သိန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သော အဖွဲ့ဝင်များ ဇူလိုင် ၂၇ ရက်က ကျိုင်းတုံမြို့အဝေးပြေး ယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ယာဉ်စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ (ကုန်းလမ်းပို့ဆောင်ရေး)

ဇွဲကပင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ စိုက်ပျိုး

ဘားအံ ဩဂုတ် ၂

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဇွဲကပင်ပန်းခြံ၊ ဇွဲကပင်ခန်းမနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၂၅ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ကုန်သည်/စက်မှု အသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ကြီးမှူးကျင်းပသော လစဉ်ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (ဩဂုတ်/၂၀၁၁) ကို ဩဂုတ် ၆ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower(ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ယင်းဟောပြောပွဲတွင် City University of Hong Kong မှ တွဲဖက်ပါမောက္ခ ဒေါက်တာကျော်ရင်လှိုင်က “ ဒီမိုကရေစီ အသက်ဝင်ခြင်း” (Making Democray Work) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(ရန်ကုန်/စက်မှုအသင်းချုပ်)**

ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျွဲခြံ-အလှပ်လမ်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားပြုပြင်နေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ဇူလိုင် ၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

❖ ရှေ့ဖုံးမှ

ကလေးများနှင့် ကိုယ်ဝန်(၃)လအထက် အမျိုးသမီးများအား သန်ချဆေး တိုက်ကျွေးခြင်း လွှမ်းခြုံမှုမြင့်မားလာစေရန်၊ သံဓာတ်ဆေးပြား သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို အမျိုးသမီးများ ပိုမိုနားလည် သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်(ဘီ-ဝမ်း) အရေးပါပုံကို ပိုမိုနားလည်ပြီး လိုလိုလားလား သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကို မြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရ ပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ပိုမိုထွန်းကားလာစေရန်တို့ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

သတ်မှတ်ဆောင်ရွက်

ထို့ပြင် ယခုနှစ် ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင်(ပထမ)ပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ (ဒုတိယ)ပတ်ကို ငါးနှစ်အောက်ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ (တတိယ)ပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ (စတုတ္ထ)ပတ်ကို အိုင်အိုဒင်း ချို့တဲ့မှု ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပိုမိုကောင်းမွန်မြင့်မား

ယခုကဲ့သို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များသတ်မှတ်ပြီး ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွင်း အာဟာရအသိပညာ၊ အမူအကျင့် ပိုမိုတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုကောင်းမွန်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှု ပပျောက်ရေး ဇဟိုကော်မတီ အနေနှင့် ပိုမိုထိရောက်သည့် အရေးယူဆောင်ရွက်ခြင်းများကို လိုအပ်ချက်နှင့်အညီ ကျင့်သုံးသွားနိုင်ရန် လမ်းညွှန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြင့်လည်း ထည့်သွင်း ပြောကြားခဲ့သည်။

အမှာစကားပြောကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.SB Tennakoon နှင့် ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ် Mr. Ramesh M.Shrestha တို့က အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုဆု

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မိခင်နို့တိုက်ကျွေးရေး အသိအမှတ် ဂုဏ်ပြုဆုရရှိသည့် မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ကြီးပင်စု တိုက်နယ်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှာင်မြို့နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တရုတ်မော် တိုက်နယ်ဆေးရုံနှင့် ကချင်ပြည်နယ် မြို့လှတိုက်နယ် ဆေးရုံတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မိခင်နို့တိုက်ကျွေးရေး အသိအမှတ် ဂုဏ်ပြုဆုရရှိသည့် မိုင်းယောင်းမြို့နယ်ဆေးရုံ၊ ငွေဆောင်တိုက်နယ် ဆေးရုံ၊ မိုင်းမောတိုက်နယ်ဆေးရုံ၊ ထုံးအိုင်တိုက်နယ်ဆေးရုံနှင့် တောကျွဲအင်း တိုက်နယ်ဆေးရုံတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ်တို့က မိခင်နို့တိုက်ကျွေးရေး အသိအမှတ်ဂုဏ်ပြုဆုရ ဆေးရုံများနှင့် မြို့နယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြန့်ဝေ

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အဆိုပါဝန်ကြီးရုံး၌ အသက်(၆)လမှ (၅)နှစ်အောက် ကလေး(၄၀)အား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးပြီး အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးကြသည်။

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို နှစ်စဉ်နှစ်တိုင်း ရည်မှန်းဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ် တစ်ခုရွေးချယ်၍ ကျင်းပလေ့ရှိရာ ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ်မှာ Talk to Me! Breastfeeding-a 3D Experience? "ရင်သွေးငယ်တို့ ကျန်းမာဖို့ ရိုင်းပင်းကူညီ ဆွေးနွေးလို့ မိခင်နို့ချို တိုက်ကျွေးစို့" ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား နိုင်ငံခြားဧည့်အဖွဲ့များ သီးခြားစီတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar Tasaki Co.,Ltd. ဒါရိုက်တာ Mr. Shodai Tasaki နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပုလဲထုတ်လုပ်မှု လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား Myanmar Pongpipat Co., Ltd. ဥက္ကဋ္ဌ Mr.Sompong Chavaltanpipat နှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ခဲမဖြူ သတ္တုတူးဖော် ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းများတိုးချဲ့ရေးနှင့် သန့်စင်သတ္တုများ တိုးမြှင့်ထုတ်လုပ်ရေး ဆိုင်ရာတို့ကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲများသို့ သတ္တုတွင်း ဝန်ကြီးဌာနအောက်ရှိ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Myanmar Tasaki Co., Ltd. ဒါရိုက်တာ Mr. Shodai Tasaki နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA International Inc. ဥက္ကဋ္ဌ Dr. Sumual In ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ**(ယာပုံ)**ပြီး သီလဝါ ဆိပ်ကမ်းဒေသ အထူးစီးပွားရေးဇုန် ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်မည့် ဇီဝစွမ်းအင်၊ လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်တို့ကို ထည့်သွင်းအသုံးပြုနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြင်းမူ၊ မြောင်နှင့် ချောင်းဦးမြို့နယ်တို့ရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေး

နေပြည်တော် ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ မြောင်နှင့် ချောင်းဦးမြို့နယ်တို့ရှိ မျက်စိဝေဒနာရှင် ၆၅၀၀တို့အား ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော အလှူရှင်များက စက္ခုဒါနအလင်းရောင် လှူဒါန်းပွဲအဖြစ် မျက်စိအထူးကု ဆရာဝန်ကြီးများ ဦးဆောင်သော မျက်စိအထူးကုအဖွဲ့က အကြီးစားခွဲစိတ်ကုသမှု၊ အသေးစားခွဲစိတ်ကုသမှုများကို ဇူလိုင် ၃၀ ရက်တွင် မြင်းမူမြို့၌ ဆောင်ရွက်ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ခွဲစိတ်ကုသမှုခံယူနေကြသော မျက်စိဝေဒနာရှင်များအား လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေဘိုမြို့နယ် ရေကြည်ဝ ကျေးရွာနှင့် ဒီပဲယင်းမြို့နယ် မူးကမ်းကြီး ကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်နေသည့် မူးမြစ်ကူးတံတား တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေကြည်ဝကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင် သစ်ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဆိပ်ခွန်ကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကိုလည်းကောင်း၊ ရွှေဘိုမြို့ ရတနာသိင်္ခနန်းတော်ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
၃-၈-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (ပုပ္ဗဏှသုတ်၊ ဂုဏ်တော်ကွန်ချာ)
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ဆန္ဒများနှင့်အညီ)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက်တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ထမင်းသုပ်နှင့် ပဲပုပ်ကြော်)
၁၇း၁၀ ညနေခင်းတေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၇း၃၅ အင်္ဂလိပ်စာ သုတပဒေသာ (၇၀)
၁၈း၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၈း၂၀ ကျေးလက်ဇာတ်လမ်း (တိုက်တိုက်ဆိုင်ဆိုင်)
၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
၁၉း၁၅ သီချင်းကြီး
၁၉း၄၀ ဝတ္ထုတိုခံစားမှု(အိမ်နီးချင်း)
၂၀း၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
၂၀း၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
၂၀း၅၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (သရက်ပင်)
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ

ဇူလိုင် ၂၈ ရက်က လားရှိုးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် အသက် ၁၀နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုက ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

3-8 (03).pmd 1 8/3/2011, 2:05 AM

၂၁၀၀ခုနှစ်၌ ကမ္ဘာ့လူဦးရေ သန်းတစ်သောင်းရှိလာနိုင်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင်ဖော်ပြ

တရုတ်နိုင်ငံတွင် လူဦးရေတိုးတက်လာမှုကို ထိန်းချုပ်ရန် မိသားတစ်စု ကလေးတစ်ယောက်နှုန်းမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂ ဩဂုတ် ၂

၁၉၆၀ ပြည့်လွန်နှစ်များက ကမ္ဘာ့လူဦးရေသည် သန်း ၃၅၀၀ သာရှိခဲ့ရာ ယခုနှစ် နှစ်ကုန်ပိုင်းတွင်ယင်း၏ နှစ်ဆ တိုးလာနိုင်ကြောင်း ကုလသမဂ္ဂကထုတ်ပြန်ထားသော အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

မျှော်လင့်ရ

ယခုနှစ်ကုန်ပိုင်း၌ ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်အထိ ရှိလာနိုင်ပြီး ၂၁၀၀ ခုနှစ်အရောက်တွင် သန်းတစ်သောင်းအထိရောက်ရှိလိမ့်မည်ဟု မျှော်လင့်ရကြောင်း ထိုအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။ ၁၈၀၀ပြည့်နှစ်ခန့်က ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ခန့်သာရှိခဲ့ရာမှ ၁၈ ရာစု အလယ်ပိုင်းတွင် မှန်မှန်တိုးတက်ခဲ့ရာ ၁၉၀၀ ပြည့်လွန်နှစ်များ၌ နှစ်ဆတိုးလာခဲ့သည်။

ကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းသည် ၂၁၀၀ ခုနှစ်အရောက်တွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့ရှိ အမျိုးသမီးများ၏ ပညာတတ်မြောက်မှု များပြားလာခြင်းနှင့် မိသားစုစီမံကိန်းများကြောင့် နှေးကွေးသွားဖွယ်ရှိသည်ဟုဆိုထားသည်။ လက်ရှိကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းသည် အာဖရိကကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အလွန်များပြားလျက်ရှိပြီး နှစ် ၂၀ ရောက်ရှိတိုင်း မူလလူဦးရေ၏ နှစ်ဆတိုးလာကြောင်းတွေ့ရသည်ဟု အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

ဘိုးရင်း-၇၃၇ စစ်ဘက်လေယာဉ်တစ်စင်း တောင်ကိုရီးယားလက်ခံရရှိ

ဆိုးလ် ဩဂုတ် ၂

*တောင်ကိုရီးယားနိုင်ငံသည် ကြိုတင်သတိပေးမှုနှင့် ကင်းလှည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘိုးရင်းကုမ္ပဏီမှ စာချုပ်ဝယ်ယူထားသော ပထမဆုံး ဘိုးရင်း-၇၃၇ လေယာဉ် **(ယာပုံ)** တစ်စင်းကို လက်ခံရရှိကြောင်း တောင် ကိုရီးယား အရာရှိများက ဩဂုတ် ၂ ရက်၌ ပြောကြားသည်။*

လက်ခံရရှိခဲ့

ငြိမ်းချမ်းရေးမျက်လုံးဟုအမည်ပေးထားသောငင်းလေယာဉ်ကို ဆိုးလ်မြို့ အရှေ့တောင်ဘက်ကီလိုမီတာ ၄၅၀ ခန့်အကွာ ဂမ်ဟီးလေတပ်အခြေစိုက်စခန်း၌ လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ တောင်ကိုရီးယားလေတပ် အရာရှိတစ်ဦးက ပြောကြားသည်။

အပြီးပေးအပ်

ဘိုးရင်းကုမ္ပဏီသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာလကချုပ်ဆိုခဲ့သော စာချုပ်အရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ဘီလီယံတန်ဖိုးရှိသည့် ဘိုးရင်း - ၇၃၇ လေယာဉ် လေးစင်းကို တောင်ကိုရီးယားနိုင်ငံသို့ ၂၀၁၂ခုနှစ်၌ အပြီးပေးအပ်ရမည်ဖြစ်သည်။

၎င်းလေယာဉ်သည် ဝေဟင်၌ပျံသန်းစဉ် အကွာအဝေး ၃၇၀ကီလိုမီတာ အတွင်းရှိ ပစ်မှတ်များကိုထိရောက်မှန်ကန်စွာ ပစ်ခတ်နိုင်ကြောင်းသိရသည်။ အဆိုပါ လေယာဉ်ကို စမ်းသပ်မှုများပြုလုပ်ပြီးပါက လာမည့်စက်တင်ဘာ၌ တောင်ကိုရီးယား လေတပ်တွင် ထားရှိသွားမည်ဖြစ်သည်။ ***(အင်တာနက်)***

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် – စုစည်းသည်

ရုရှားအရှေ့ဖျားတွင် လေဆင်နှာမောင်းတိုက်ခတ်

မော်စကို ဩဂုတ် ၂

ရုရှားနိုင်ငံ၏ အရှေ့ဖျားရှိ ဘလာဂိုဗက်ရှ်ချာနစကီမြို့၌ ဇူလိုင် ၃၁ ရက် ညပိုင်းက လေဆင်နှာမောင်းတိုက်ခတ်ခဲ့၍ တစ်ဦးသေဆုံးခဲ့ကာ ဒဏ်ရာရသူ ၃၀ နီးပါးရှိကြောင်း၊ အိမ်ခြေ ၁၀၀ နီးပါး အမိုးများလန်ကုန်ကြောင်းနှင့် ကားအစီး ၁၅၀ ခန့်ပျက်စီးခဲ့ကြောင်း ရုရှားသတင်းဌာနများတွင် ဩဂုတ် ၁ ရက်ကဖော်ပြသည်။

ခန့်မှန်းအပျက်အစီးတန်ဖိုးမှာ ရူဗီး သန်း ၈၀ (အမေရိကန်ဒေါ်လာသုံးသန်း) ရှိကြောင်း၊ ရုရှားနိုင်ငံတွင် လေဆင်နှာမောင်း အလွန်ဖြစ်ခဲကြောင်းသိရပြီး ယခုလေဆင်နှာမောင်းသည် ပထမဆုံးဖြစ်သည်ဟုလည်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။ **(အင်တာနက်)**

အိန္ဒိယ၌ ဗုံးပေါက်ကွဲ၊ ငါးဦးသေဆုံး

အမ်ဖာဟယ် ဩဂုတ် ၂

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ် မာနီပူ၏မြို့တော် အမ်ဖာဟယ်မြို့ အတွင်းရှိ ဈေးတစ်ဈေးတွင် ဩဂုတ် ၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦး သေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရခဲ့သည်။ ဗုံးပေါက်ကွဲမှုမှာ အားပြင်းကြောင်းနှင့် ရပ်ထားသည့်ဆိုင်ကယ်တစ်စီးတွင် ဗုံးကိုထားရှိပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ (အင်တာနက်)

ဖိလစ်ပိုင်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ တစ်ဦးသေဆုံး

မနီလာ ဩဂုတ် ၂

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ လိုတာဘာတိုမြို့တွင်း ပါရန်းလမ်းပေါ်ရှိ လက်နက်တိုက်တွင် ဩဂုတ် ၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ပေါက်ကွဲမှုဖြစ်၍ တစ်ဦးသေဆုံးကာ ခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ပေါက်ကွဲရသည့်အကြောင်းအရင်းကို တာဝန်ရှိသူများက စုံစမ်းနေကြောင်းနှင့် ဒဏ်ရာရခဲ့သူများအား ဆေးရုံပို့ထားခဲ့ကြောင်း သိရှိရသည်။ **(အင်တာနက်)**

နှစ်သန်း ၂၀ သက်တမ်းရှိ လူဝံဦးခွံပိုင်းတွေ့ရှိ

ကယ်ပလာ ဩဂုတ် ၂

နှစ်ပေါင်းသန်း ၂၀ သက်တမ်းရှိ လူဝံဦးခွံကို ယူဂန်ဒါနိုင်ငံအရှေ့မြောက်ပိုင်း၌ ယူဂန်ဒါနှင့် ပြင်သစ်သိပ္ပံပညာရှင်အဖွဲ့က ရှာဖွေတွေ့ခဲ့ကြောင်း အစိုးရအရာရှိတစ်ဦးက ဩဂုတ် ၂ ရက်၌ ပြောကြားသည်။ ယင်းဦးခွံအစိတ်အပိုင်း၏ သက်တမ်းမှာ နှစ် ၁၉ သန်းနှင့် သန်း ၂၀ ကြားရှိမည်ဖြစ်သည်ဟု ပညာရှင်အဖွဲ့က ယုံကြည်ထားကြသည်။ (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – ရေးသားသည်

နယ်သာလန်၌ အမြန်ရေယာဉ် ပေါက်ကွဲမီးလောင်

သည်ဟိတ် ဩဂုတ် ၂

နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့အနီး အယ်လ်ခမာရာဒါရေအိုင်ကြီးအတွင်း ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက လူ ၁၅ ဦးတင်ဆောင်မောင်းနှင်လာသော အမြန်ရေယာဉ်တစ်စင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း နယ်သာလန်သတင်းဌာန အေအင်န်ပီက သတင်းထုတ်ပြန်သည်။ ***(ဓါတ်ပုံ)***

ပြောကြား

၎င်းအမြန်ရေယာဉ်ပေါ်တွင် လူကြီးရှစ်ဦးနှင့် ကလေးငယ်ခုနစ်ဦးတို့လိုက်ပါလာကြပြီး နှစ်ဦးမှလွဲ၍ အားလုံးဒဏ်ရာရရှိခဲ့ကြကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့အမြန်ရေယာဉ်ပေါက်ကွဲမီးလောင်မှုဖြစ်ပွားသည်နှင့် အနီးရှိအခြားလှေများက အမြန်သွားရောက်ပြီး ရေယာဉ်ပေါ်မှ လူများကိုရွှေ့ပြောင်းကာ ဘေးကင်းရာသို့ ပို့ဆောင်ပေးခဲ့ရသည်။ အမြန်ရေယာဉ်မှာ ပေါက်ကွဲမီးလောင်မှုကြောင့် ပျက်စီးသွားခဲ့ရာ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ***(အင်တာနက်)***

အတွင်းမွန်ဂိုလီးယား၌ ရေလွှမ်းမှုဖြစ်ပွား၊ ၂၂ ဦးသေဆုံးပြီး ဒေသခံ ၅၀၀၀၀ကျော်ရွှေ့ပြောင်းပေးရ

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဩဂုတ် ၁ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ၂၂ဦး သေဆုံးခဲ့သည့်အပြင် ဒေသခံ ၅၀၀၀၀ ခန့်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ *(ယာပုံ)*

ထိခိုက်ပျက်စီးခဲ့

မိုးသည်းထန်မှုကြောင့် စီရင်စု ၇၀ကျော်တွင် ပြည်သူ ၁ ဒသမ ၉၆ သန်းခန့်မှာ ဘေးဒုက္ခကြုံတွေ့နေရပြီး စိုက်ပျိုးမြေဟက်တာ ၆၁၈၅၀၀ ခန့်နှင့် နေအိမ် ၇၁၃၀၀ ခန့်တို့မှာ ထိခိုက်ပျက်စီးခဲ့ရကြောင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ မြို့ပြရေးရာဗျူရိုမှ သတင်းထုတ်ပြန်သည်။

ရေလွှမ်း

ရေလွှမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၁ သန်းခန့်ရှိကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်တစ်လလုံး မုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်မှုနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သဘာဝဘေးဒုက္ခများ တုံ့ပြန်ဖြေရှင်းရေးဆိုင်ရာမှ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ထားရကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ *(အင်တာနက်)*

ကာရစ်ဘီယံပင်လယ်၌ အီမီလီမုန်တိုင်းဖြစ်ပေါ် သတိပေးချက်များ ထုတ်ပြန်ထား

မီယာမီ ဩဂုတ် ၂

ကာရစ်ဘီယံပင်လယ်တွင် အပူပိုင်းမုန်တိုင်းတစ်ခု ဖြစ်တည်လျက်ရှိကြောင်း၊ ယင်းမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံ ဆန်ဂျွမ်မြို့အရှေ့တောင်ဘက် မိုင် ၃၅၀ ခန့် အကွာ၌ ဖြစ်တည်နေခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းဌာနက ဩဂုတ် ၂ ရက်၌ သတိပေးချက်ထုတ်ပြန်လိုက်သည်။ *(အပေါ်ပုံ)*

အီမီလီဟု အမည်ပေးထားသော ၎င်းမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံနှင့် ပြင်သစ်နိုင်ငံ ဂွါဒီလူပီကျွန်းတို့ကို ဦးတည်ရွေ့လျားနေသဖြင့် ယင်းဒေသများသည် မုန်တိုင်းဒဏ်ခံရနိုင်ကြောင်း သတင်း၌ဆက်လက်ဖော်ပြထားသည်။

ဝင်ရောက်တိုက်ခတ်

ထို့အတူ ဒိုမီနီကန်၊ ဟေတီ၊ အမေရိကန်ဗာဂျင်းကျွန်းစုများမှာလည်း အီမီလီမုန်တိုင်း ဖြတ်သန်းတိုက်ခတ်ခံရနိုင်ဖွယ်ရှိသည်။ ၎င်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၇ မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိပြီး လာမည့် ရက်အနည်းငယ်အတွင်း ကုန်းတွင်းပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်မည်ဖြစ်သည်။

ရွေ့လျားလျက်ရှိ

အီမီလီမုန်တိုင်းသည် ကာရစ်ဘီယံပင်လယ် အရှေ့မြောက်ဘက်မှ ဖြတ်သန်းရွေ့လျားလျက်ရှိပြီး ကုန်းတွင်းပိုင်းသို့ တစ်နာရီလျှင် မိုင် ၄၀ နှုန်း တိုက်ခတ်ဖွယ်ရှိရာ ပွာတိုရီကိုနိုင်ငံသို့ ပထမဆုံးဝင်ရောက်ပြီး ဒိုမီနီကန်နိုင်ငံသို့ ဆက်လက်ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိသည်။ အီမီလီမုန်တိုင်းကြောင့် ကာရစ်ဘီယံပင်လယ်တွင် ရေမလှိုင်းကြီးများ ဖြစ်ပေါ်နိုင်ပြီး မိုးသည်းထန်ကာ ရေလွှမ်းမှုများဖြစ်ပွားနိုင်သည့်အပြင် ပျက်စီးဆုံးရှုံးမှု ကြီးမားနိုင်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ *(အင်တာနက်)*

အခြေခံပညာမူလတန်းကျောင်းခွဲ မတ္တရာမြို့နယ်၌ဖွင့်

မတ္တရာ ဩဂုတ် ၂

မတ္တရာမြို့နယ် စကားပင်ကျေးရွာအုပ်စု ချောင်းသဖော့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းတွင်ကျင်းပရာ ရှေးဦးစွာ ချောင်းသဖော့အခြေခံပညာမူလတန်းကျောင်းခွဲ ဆိုင်းဘုတ်ကို မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဌေးရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဌေးရီ **(အောက်ပုံ)**က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးညွန့်ထွေးက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့ထံ ကျောင်းခွဲဖွင့်ပွဲအမှတ်တရအထိမ်းအမှတ်အလံများပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၈၀ နှင့် ခဲတံဒါဇင် ၅၀တို့ကို ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်းကြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေခင်းအလှပြုပြင်

ဇူလိုင် ၂၈ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့၏ အရှေ့ဘက် မြို့ဝင်ဆိုင်းဘုတ်ရှေ့ မြေခင်းအလှပြုပြင်ခြင်းနှင့် လမ်းဘေးဝဲယာ သန့်ရှင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲ ဟိုပန်၌ကျင်းပ

ဟိုပန် ဩဂုတ် ၂

ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ဟိုပန်မြို့ မန်ကောင်းရပ်ကွက် တောင်သူဦးပူလွယ်ကောလိန်၏ လယ်ကွက်၌ ဇူလိုင် ၂၁ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ထွန်းထူး(ခ) ဦးထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဖြန့်ဝေပေး

အခမ်းအနားတွင် ဦးစီးအဖွဲ့ဥက္ကဋ္ဌက ဒေသဝမ်းစာဖူလုံပိုလျှံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်နေ တောင်သူများ ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ဇင်နှင့် ဝန်ထမ်းများက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို တောင်သူများနှင့် ကောက်စိုက်လုံမေများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စနစ်တကျ ပျိုးထောင်စိုက်ပျိုးခြင်းကို လက်တွေ့ပြသခဲ့ကြပြီး စိုက်နည်းစနစ်ပညာပေးလက်ကမ်းစာစောင်များပါ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်အန္တရာယ် ပညာပေးဟောပြော

ဇီးကုန်း ဩဂုတ် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၂၆ ရက်က မြို့နယ်အထကကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်မိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအကြောင်းကို ရဲအုပ်အေးကိုက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းသုံးစာရေးကိရိယာများ ကြည့်မြင်တိုင်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏စီစဉ်မှုဖြင့် ကျောင်းသုံးစာရေးကိရိယာများနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းအလတ်ချောင်းရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ဇူလိုင် ၃၀ ရက်က ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး**(ဝဲပုံ)**၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်၊ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးသန်းစိန်၊ ဦးမြင့်လွင်၊ ဒေါ်ကြည်ကြည်မာ၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌဦးရဲအောင်၊ ခရိုင်ပညာရေးမှူးဒေါ်ဆွေဆွေဝင်း၊ ကြည့်မြင်တိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်စုစုစံတို့က ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း လေးရပ်ကွက်ရှိ အခြေခံပညာကျောင်းသား ကျောင်းသူ ၅၉၂ ဦးတို့အတွက် ငွေကျပ် ၃၁၆၈၀၀၀ တန်ဖိုးရှိ ကျောင်းသုံးစာရေးကိရိယာများနှင့်သင်ထောက်ကူပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ဂါရဝပြု

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အလတ်ချောင်းရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား ဂါရဝပြုအလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၄၂)

ဇန်းမော်မြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ဇန်းမော် ဩဂုတ် ၂

ဇန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၉ ရက် နံနက်၈နာရီက ဇန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စုရှိ စပါးခင်း ဧက ၈၀ တွင် ကျင်းပသည်။

မျိုးစိုက်ထည့်

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်လွင်ဦး၊ ဇန်းမော်ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်၊ စီဟဲကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာရှိ တောင်သူလယ်သမားများနှင့် ငါးမွေးမြူသူများက ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၄၀၀၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးကြသည်။

ပေးဝေခဲ့

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ငါးမွေးမြူသူများသို့ ငါးသားပေါက်ကောင်ရေတစ်သောင်း ပေးဝေခဲ့ကြောင်း သိရှိရသည်။ **(ခရိုင်ငါးလုပ်ငန်းဦးစီးဌာန)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ပညာပေးဟောပြော

တောင်ကြီး ဩဂုတ် ၂

ယာဉ်စည်းကမ်းကြီးကြပ်ရေး ကော်မတီကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အထက (၁)တွင် ဇူလိုင် ၂၇ ရက်က ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင် **(ယာပုံ)**က ယာဉ်များတိုးတက်များပြားလာမှုနှင့် ယာဉ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ကျစေရေးကို လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု ဖြစ်ပွားပုံအဆင့်ဆင့်နှင့် ကြိုတင်ကာကွယ်ရမည့် အချက်အလက်များကို လည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှစစ်ဆေးရေးမှူး-၂ ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်၌ ပါဝင်ပစ္စည်းများ အသုံးပြုမှုမှန်ကန်စေရေးနှင့် လမ်းအသုံးပြုသူများလိုက်နာရမည့် အရေးပါသော အချက်အလက်များကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၇	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၀	၈။	လျှပ်တစ်ပြက်
၅း၀၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၇)
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၃။	Mail Box
၆း၃၅	၁၄။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၄)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်း ကြယ်တစ်စင်း** (အပိုင်း -၃၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	ရယ်စရာပျော်စရာ ဟာသကမ္ဘာ **ရောဂါ** (ပထမပိုင်း) ကောင်းပြည့်၊ မျိုးမျိုးခိုင်၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့်သရုပ်ဆောင်များ [ဒါရိုက်တာ စိန်လင်း (ပုံရိပ်ရွှေမြေ)]
	၂၂။	အိုင်စီတီသုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၄၀)
	၂၅။	ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဆေးပညာသတင်းဆန်းများ (၁၇)

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများ အစီရင်ခံခြင်းကိုတော့ အရက်သောက်ခြင်းအကြောင်းနှင့် စရအောင်ပါ။ လေ့လာချက်တွေမှာ ယခင်က တစ်ခါမှ မဖော်ပြခဲ့ဖူးတဲ့ အရက်ဟာ အလွန်သောက်ခဲ့ရင် ကင်ဆာရောဂါကို အလွယ်တကူ ဖြစ်စေတယ်ဆိုတဲ့ တွေ့ရှိချက်ပါ။

အင်္ဂလန်နိုင်ငံနှင့် ဥရောပတစ်ခွင်က ကင်ဆာဝေဒနာရှင် ၃၀၄၀၀၀ အထဲက အရက်နဲ့ ပတ်သက်တဲ့ ကင်ဆာဝေဒနာရှင် ပေါင်း ၁၃၀၀၀ ကို ၂၀၀၈ ခုနှစ်က စတင်လေ့လာသုတေသနပြုပြီး ပေါ်ထွက်လာတဲ့ စာတမ်းပါ။ ၎င်းကို British Medical Journal မှာ ဖော်ပြထားပါတယ်။

ယခင်တွေ့ရှိချက်တွေက အရက်ဟာ အစာအိမ်လမ်းကြောင်း ကင်ဆာ၊ အသည်းကင်ဆာ၊ အူမကြီးကင်ဆာနှင့် အမျိုးသမီးတွေမှာ ရင်သားကင်ဆာတို့ကို ဖြစ်စေတယ်ဆိုတာ တင်ပြခဲ့ပါပြီ။

ယခုလေ့လာချက်အသစ်တွေအရ အရက်ဟာ ကိုယ်ခန္ဓာထဲ ရောက်သွားတာနဲ့ ချေဖျက်ခံရပြီး Chemical တစ်ခုထွက်လာစေတယ်လို့ဆိုပါတယ်။ ယင်း Chemical ဟာ လူခန္ဓာကိုယ်ရဲ့ DNA ကို ပျက်စီးစေနိုင်ပြီး ကင်ဆာရောဂါကို ဖြစ်ပွားစေတာလို့ သိရပါတယ်။ ယခုတွေ့ရှိချက်အရ ယောကျ်ားကင်ဆာဝေဒနာရှင် ၁၀ ယောက်မှာ တစ်ယောက်ဟာ အရက်ကြောင့်ဖြစ်ရပြီး အမျိုးသမီးကင်ဆာဝေဒနာရှင် ၃၃ ယောက်မှာ တစ်ယောက်ဟာ အရက်ကြောင့် ဖြစ်ရတယ်လို့ ဆိုပါတယ်။

အရက်သောက်သုံးသူ အမျိုးသားသုံးဦးမှာ တစ်ဦး ကင်ဆာဖြစ်နိုင်ပြီး အမျိုးသမီးသောက်သုံးသူ ၂၀ ဦးမှာ တစ်ဦးဟာ ကင်ဆာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ 12 gram of Alcohol သို့မဟုတ် 125 ml glass of wine သို့မဟုတ် ဘီယာ ½ ပိုင်ကို အမျိုးသားတွေမှာ တစ်နေ့ကို နှစ်ကြိမ်ထက်ပိုသောက်လျှင်၊ အမျိုးသမီးတွေမှာ တစ်နေ့ကို တစ်ကြိမ်ထက်ပိုသောက်လျှင် အန္တရာယ်ရှိနိုင်ကြောင်း ယင်းလေ့လာချက်မှာ ဖော်ပြထားပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကလည်း အရက်နှင့်ပဲ ပတ်သက်ပါတယ်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေဟာ ကိုယ်ဝန်ရှိစဉ် အရက်ကို အလွန်အကျွံသောက်သုံးပါက FAS လို့ခေါ်တဲ့ Foetal Alcohol Syndrome ခေါ် (အရက်ကြောင့်ဖြစ်တဲ့ ကလေးရောဂါစု)ကို ခံစားရနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ University of California, San Francisco က ဆေးသိပ္ပံပညာရှင်တွေက လေ့လာခဲ့ကြတာဖြစ်ပြီး AAAS ခေါ်တဲ့ American Association for the Advancement of Science အဖွဲ့ကြီးက ဖော်ပြထားတာ ဖြစ်ပါတယ်။

အဲဒီကလေးရောဂါစုထဲမှာ ကလေးရဲ့ ဦးနှောက်ဖွံ့ဖြိုးမှု၊ နှေးကွေးမှု၊ မှတ်ဉာဏ် အသိဉာဏ်မဖွံ့ဖြိုးမှုနှင့် ကလေးအမူအရာမမှန်မှုတို့ ပါဝင်နေတယ်လို့ ဆိုပါတယ်။ ဒါဟာ ဦးနှောက်ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး Genetic and Molecular Study ပြုလုပ်ပြီး သိရှိခဲ့တာလို့ ဆိုပါတယ်။ ၎င်းပြင် အဲဒါဟာ ယခင်က တွေ့ရှိပြီးဖြစ်တဲ့ Alcohol ဟာ Insulin ဓာတ်ရဲ့ လုပ်ငန်းတွေကို အနှောင့်အယှက်ပြုတာကြောင့်ဖြစ်ပြီး ဦးနှောက်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေတာဖြစ်တယ်လို့ သိရပါတယ်။

ဒါကြောင့် မိခင်လောင်းများ ကိုယ်ဝန်ဆောင်နေစဉ်မှာ တတ်နိုင်သလောက် အရက်ကိုအလွန်အကျွံမသောက်မိအောင် ထိန်းထိန်းသိမ်းသိမ်းနေကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ အမျိုးသားတွေနဲ့ အမျိုးသမီးတွေမှာ ဖြစ်တတ်တဲ့ ရေယုန်ရောဂါ (Herpes or Shingle) ရောဂါအကြောင်းပါ။ ဒီရောဂါကို ဖြစ်စေတဲ့ Varicella Zoster Virus ကြောင့် ဖြစ်တတ်တဲ့ Chickenpox ရောဂါကို ကာကွယ်ပေးနိုင်တဲ့ Vaccine ကို အမေရိကန်နိုင်ငံ FDA က အတည်ပြုပေးလိုက်ပြီဆိုတဲ့ သတင်းပါ။ဒီရောဂါတွေဟာ အသက်ကြီးတဲ့လူတွေမှာ လိင်အင်္ဂါရေယုန်ရောဂါအသွင်ဖြင့် အဖြစ်များတတ်တာမို့ အမေရိကန်နိုင်ငံက အသက် (၆၀) နှင့် (၆၀)ကျော်သူတွေကို ထိုးဖို့ နှိုးဆော်ထားပါတယ်။

ဒီဆေးနာမည်က Zostavax လို့ ခေါ်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း အသက် (၅၀)ကျော် (၆၀)အရွယ်ရှိသူတွေထဲက လူပေါင်းနှစ်သိန်းခန့် ခံစားနေရတဲ့ ရောဂါပါ။ ဒီရောဂါဟာ ပထမအကြိမ်မှာ Chicken Pox ရောဂါအနေနဲ့ သာမန်မျှသာ ဖြစ်တတ်ပြီး ဒီရောဂါပိုး Virus ဟာ အာရုံကြောတစ်ခုမှာ ငြိတွယ်ခိုအောင်းနေပြီး လူ့ကိုယ်ခံအား ကျတဲ့အချိန်မှာ လိင်အင်္ဂါတွေမှာ ပြင်းထန်တဲ့ လက္ခဏာတွေနဲ့ ပြန်ပေါ်တတ်တဲ့ ရောဂါပါ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ချောကလက်အနက်ရောင် (Dark Chocolate) စားသုံးခြင်းဟာ နှလုံးရောဂါကို အတော်အသင့်ကာကွယ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ယင်းချောကလက်မှာပါတဲ့ Cocoa ဟာ သွေးကြောကျဉ်းတာကို ကာကွယ်နိုင်ပြီး သွေးပေါင်ချိန်ကျစေကာ သွေးထဲရှိ Cholestrol ဓာတ်ကိုလည်း နည်းစေနိုင်ပြီး ဆီးချိုရောဂါကိုလည်းကာကွယ်နိုင်တယ်လို့ လေ့လာချက်မှာဖော်ပြထားပါတယ်။

ဒီလေ့လာချက်ကို University of Texas, South Western Medical Centre of Dallas က ဆေးပညာရှင်တွေက လူပေါင်း ၂၅၇၅ ဦးကို အဆင့်မြင့်လေ့လာမှုပေါင်း ၂၁ ခု ပြုလုပ်လေ့လာခဲ့ကြတာလို့ သိရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မိခင်နို့ဟာ အထွက်များနေရင် ယင်းမိခင်နို့ဓာတ်သဘာဝ မပျက်စီးအောင် သိမ်းဆည်းထားနိုင်တယ်ဆိုတဲ့သတင်းပါ။ သန့်ရှင်းစင်ကြယ်တဲ့ ပုလင်းမှာ အပေါ်က တစ်လက်မလောက်ချန်ထားပြီး နို့ကို တိုက်ရိုက်ညှစ်ထည့်ရပါမယ်။ နောက်ပြီး အဖုံးကို လေလုံအောင်ပိတ်ပြီး ရေခဲသေတ္တာရဲ့ ရေခဲခန်းမှာ ထားမယ်ဆိုရင် နှစ်ပတ်ကြာအောင် ထားနိုင်ပါတယ်။

Deep Freezer မှာ သုည ဒီဂရီဖာရင်ဟိုက် အအေးဓာတ်နဲ့ ထားမယ်ဆိုရင်တော့ လေးလကြာအောင် သိမ်းဆည်းထားနိုင်ပါတယ်။ Freezer နဲ့ ထားရင် အဖုံးနဲ့ဝေးတဲ့ အထဲဘက်နေရာမှာ ထားဖို့လိုပါတယ်။ တကယ်လို့ နို့ဟာ ခဲနေရာက အရည်ပျော်သွားတာကို တွေ့ရရင် ၂၄ နာရီအတွင်း အသုံးပြုပစ်ရပါမယ်။

ခဲနေတဲ့ ယခင် သိမ်းထားပြီး နို့ရည်ထဲကို နောက်ထပ်အသစ် နို့ရည်မထည့်ရပါဘူး။ ဒီအတိုင်း မိခင်နို့ရည်ကို သဘာဝဓာတ်ငွေ့မပျက်အောင် သုံးနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းကတော့ ပဲအမျိုးမျိုးရှိတဲ့ အထဲမှာ ပဲတိုင်းလိုလို သူ့အာဟာရနဲ့သူ ပြည့်ပြည့်ဝဝရှိကြပါတယ်။ ဒါပေမယ့် ဒီအထဲက (Walnut) ခေါ်တဲ့ သစ်ချစေ့ပဲမျိုးကတော့ အာဟာရအပြည့်ဝဆုံးနဲ့ စားသုံးရန် အသင့်တော်ဆုံးပဲလို့ အမေရိကန်နိုင်ငံက လေ့လာချက်တစ်ခုက တင်ပြထားပါတယ်။ (၂၄၁)ကြိမ်မြောက် National Meeting of American Chemical Society မှာ တင်ပြတဲ့ ဒီစာတမ်းမှာ တခြား ပဲအမျိုးမျိုးတွေနဲ့ယှဉ်ပြီး လေ့လာလိုက်တဲ့အခါ ဒီ Walnut မှာပါတဲ့ Antioxidant ဓာတ်က ပိုမိုအဆင့်မြင့်ပြီး Protein, Vitamin and Mineral ဓာတ်တွေအပြင် Dietary Fibre ဓာတ်တွေပါ ပါဝင်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သစ်ချစေ့ခေါ်တဲ့ (Walnut) ကို နေ့စဉ်စားသုံးကြဖို့ တိုက်တွန်းလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာထဲမှာ ကင်ဆာရောဂါတစ်ခုခု ရှိ၊ မရှိကို သာမန် သွေးဖောက်စစ်ဆေးခြင်းဖြင့် ခန့်မှန်းနိုင်တော့မယ်ဆိုတဲ့သတင်းပါ။ CTC လို့ခေါ်တဲ့ သွေးထဲမှာရှိတဲ့ Circulating Tumour Cell ကို စစ်ဆေးတဲ့နည်းပါပဲ။ ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ သွေးထဲက Tomour ရဲ့ အင်မတန်သေးငယ်တဲ့ အပိုင်းအစလေးတွေကို စစ်ဆေးတာဖြစ်ပါတယ်။ ဒါကို အမေရိကန်နိုင်ငံ Massachusetts ဆေးရုံက ဆရာဝန်တစ်စုက လေ့လာဖော်ထုတ်ခဲ့တာလို့ သိရပါတယ်။ ဒီ CTC စမ်းသပ်နည်းကို Liquid Biopsy လို့ အမည်ပေးထားပြီး ယခင်ကလို အသားစကို ခွဲစိတ်လှီးထုတ် စမ်းသပ်စရာမလိုဘဲ ကင်ဆာရောဂါရဲ့ အခြေအနေတချို့ကို သိနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဖွံ့ဖြိုးဖို့ အားယူဆဲနိုင်ငံတစ်ခုဖြစ်တဲ့ ကျူးဘားနိုင်ငံက ဆေးပညာရှင်တွေရဲ့ အားထုတ်မှုသတင်းဖြစ်ပါတယ်။ ၎င်းတို့ဟာ Nanotechnology ကို အသုံးပြုပြီး ကင်ဆာရောဂါတိုက်ဖျက်ရေးဆေးတွေကို ထုတ်လုပ်နိုင်တော့မယ်လို့ ကြေညာလိုက်ကြပါတယ်။ ၎င်းတို့ဟာ ကင်ဆာရောဂါကို ကုသရာမှာ Targeted Medicine ခေါ်တဲ့ ကင်ဆာအဖုအကျိတ်ကိုသာ ပစ်မှတ်ထားကုသနိုင်မယ့်ဆေးကို Nano နည်းပညာအသုံးပြုပြီး ဖော်ထုတ်မယ်လို့ CEAC ခေါ်တဲ့ Centre for Advanced Studies နဲ့ ကျူးဘားကို ဦးဆောင်နေသူ ယခင်နိုင်ငံခေါင်းဆောင် ဖိဒယ်ကတ်စထရိုရဲ့သားကြီး သိပ္ပံပညာရှင် ဖိဒယ်ကပ်ထရိုဒီယာဘာလတ်က ပြောကြားလိုက်ပါတယ်။

ဒီလိုပြောကြားပြီး မရှေးမနှောင်းမှာပဲ ၎င်းတို့ဟာ အဆုတ်ကင်ဆာကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေးတစ်မျိုးကို ထုတ်လုပ်နိုင်ပြီလို့ ကြေညာခဲ့ကြပါတယ်။ ၎င်းဆေးအမည်ကတော့ CIMAVAX-EGF ဖြစ်ပြီး အခုအချိန်မှာ ၎င်းဆေးဖြင့် လူနာပေါင်း ၁၀၀၀ ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီလို့ ကြေညာလိုက်ပါတယ်။ ဒီဆေးကို ထုတ်လုပ်ဖို့ ၁၅ နှစ်ကြာအောင် သုတေသနပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီသတင်းနဲ့ပဲ ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ဒေါက်တာကံညွန့်

ဇူလိုင် ၃၀ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ဆောင်ယူကျေးရွာ ဓမ္မာရုံတွင် ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီး ဆောင်ရွက်ပေးရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဌေးလှိုင် (ညွှန်ကြားရေးမှူး)က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်း ပေးအပ်စဉ်။

(မြို့နယ် လဝက)

စုပေါင်းသန့်ရှင်း

ဇူလိုင် ၁၆ ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် နန်းဟောဝန်ပန်းခြံအတွင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ ကွန်ကရစ်လျှောက် လမ်းများဆေးကြောခြင်းလုပ်ငန်းများကို အဖွဲ့လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူစိန်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် သြဂုတ် ၂

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၂	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၄	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၄	ချင်းပြည်နယ်	၂၃	၁၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၃	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၇	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၈	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၀	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၄	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၂၈	၂၄	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၈	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်	၁၀၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်	မုတ်သုံလေ ဆက်လက်အားကောင်းမည်။

မြို့သန့်ရှင်းသာယာလှပရေး မိုးမိတ်မြို့၌ ဆောင်ရွက်

မိုးမိတ် သြဂုတ် ၂

မိုးမိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ အဖွဲ့ပိုင် မြရည်နန္ဒာပန်းခြံအတွင်း၌ ချုံနွယ်များရှင်းလင်းခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းကို ဇူလိုင် ၃၀ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာနအသင်းကို လေးဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၃ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော်အားကစားကွင်းတွင် (ဂ)အုပ်စုမှ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် တီးတိန်မြို့နယ် ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၇ ရက်က တီးတိန်မြို့နယ် ကမ်းဟောက်အားကစားကွင်း၌ကျင်းပရာ တီးတိန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က ပထမဆုရအသင်းအား ဆုကြေးငွေနှင့် ဆုဖလားကို ချီးမြှင့်စဉ်။ (မြို့နယ် အား/ကာ)

ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ အောင်ပွဲရ မြန်မာဂျူဒို အားကစားသမားများအား ကြိုဆို

ရန်ကုန် ဩဂုတ် ၂

၂၀၁၁ခုနှစ် ဇူလိုင် ၃၀ရက်မှ ၃၁ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် ထိုင်းအပြည်ပြည်ဆိုင်ရာဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲသို့ အရှေ့တောင်အာရှမှ ခုနစ်နိုင်ငံ၊အာရှမှ ငါးနိုင်ငံ၊ ဥရောပမှ တစ်နိုင်ငံ စုစုပေါင်း ၁၃နိုင်ငံ ယှဉ်ပြိုင်ခဲ့ကြရာမြန်မာနိုင်ငံမှ ရွှေတစ်ခု၊ ငွေလေးခု၊ ကြေးနှစ်ခုဖြင့် နိုင်ငံအလိုက် စတုတ္ထနေရာရရှိခဲ့သည်။

ဆွတ်ခူးရရှိ

အဆိုပါပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ (-၇၈)ကီလိုတန်းတွင် မအေးအေးအောင် (စက်မှု-၁)က အိမ်ရှင်ထိုင်းနိုင်ငံ အေကလပ်နှင့်ဗီကလပ်၊ သီရိလင်္ကာနိုင်ငံတို့ကို ယှဉ်ပြိုင်အနိုင်ယူကာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်တစ်ခုကို ရယူပေးခဲ့ပြီး (-၄၈) ကီလိုတန်းတွင် မစဲလ်ဝီး(စက်မှု-၁)၊ (-၅၂)ကီလိုတန်းတွင် မသဉ္ဇာစိုး(ရထား)၊ (-၅၇)ကီလိုတန်းတွင် မဇင်မီမီသန်း(ရထား)နှင့် (-၇၀)ကီလိုတန်းတွင် မသန္တာဝင်း (စက်မှု-၁)တို့က ငွေတံဆိပ်ဆုလေးခု၊ (-၄၈)ကီလိုတန်းတွင် မခင်ခင်စု(စက်မှု-၁)နှင့် (+၇၈)ကီလိုတန်းတွင် မခင်မျိုးသူ(ရထား)တို့က ကြေးတံဆိပ်နှစ်ခုဖြင့် စုစုပေါင်း ဆုတံဆိပ်ခုနစ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ကြိုဆို

အောင်ပွဲရ မြန်မာဂျူဒိုအားကစားသမားများသည် ယမန်နေ့ညနေ ၆ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အောက်ပုံ)**

ရရှိခဲ့

မြန်မာဂျူဒိုလက်ရွေးစင်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အုပ်ချုပ်သူ ဦးအောင်နိုင်ဆွေ၊ နည်းပြတစ်ဦး၊ ဒိုင်တစ်ဦးနှင့် အမျိုးသမီးအားကစားသမား ရှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ ပြန်လည်လိုက်ပါခဲ့ပြီး ဒိုင်နှစ်ဦးမှာလည်း ပူးတွဲကျင်းပသည့် JUA Referee Seminar IJF Continental Referee Examination Thailand 2011 ကို ဖြေဆိုအောင်မြင်ပြီး အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးလက်မှတ်ကိုရရှိခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စုနှင့်ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)

စစ်တုရင် ပြည်တွင်း ဒိုင်လူကြီးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူး၍ စစ်တုရင် ပြည်တွင်းဒိုင်လူကြီးသင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် ဩဂုတ် ၁၆ ရက် နောက်ဆုံးထား၍ ဓာတ်ပုံနှစ်ပုံနှင့်အတူ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

တက်ရောက်ခွင့်ရှိ

အဆိုပါသင်တန်းမှ အရည်အချင်းပြည့်မီသူများသည် ၂၀၁၁ခုနှစ်အောက်တိုဘာလတွင် ဖွင့်လှစ်မည့် Arbiters Seminarသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် ၎င်းArbiters Seminar သို့ ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ International Arbiter နှစ်ဦးမှ လာရောက် ပို့ချပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး တင်းနစ်အားကစားသမားများ အပြီးသတ် လူရွေးမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (တင်းနစ်ပြိုင်ပွဲ) ၌ ပါဝင်ယှဉ်ပြိုင် အနိုင်ရရှိရေးအတွက် တင်းနစ်အားကစားသမားများအား အပြီးသတ်လူရွေးပြိုင်ပွဲကို ဩဂုတ် ၉ ရက်တွင် တစ်ကြိမ်၊ ဩဂုတ် ၁၈ ရက်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ပတ်လည် (All meet Round Robin)စနစ်ဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်ရာ စခန်းသွင်းလေ့ကျင့်ထားသော ပဏာမလက်ရွေးစင်အမျိုးသား၊ အမျိုးသမီးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ တင်းနစ် အပြီးသတ်လူရွေးပြိုင်ပွဲတွင် အသက် ၃၀အောက် တင်းနစ်အားကစားသမားမည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားရာ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဩဂုတ် ၇ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူကွင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၃၇၂၃၆၀၊ (၃၈၁၉၉၁၊ ၃၈၁၉၉၂ လိုင်းခွဲ-၀)သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်းနှင့် ယင်းအပြီးသတ် ရွေးချယ်ပြိုင်ပွဲမှ အကောင်းဆုံးအမျိုးသားလေးဦး၊ အမျိုးသမီးလေးဦး ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(သန့်) ဦးဝေယံလင်းနှင့် အဖွဲ့ဝန်ထမ်းများ ပန်းခုံများအတွင်းနှင့် ပလက်ဖောင်းများတွင် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းကို ဇူလိုင်၂၅ ရက်က အမှုဆောင်အရာရှိ ဦးမြင့်သိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက်နှင့်အဖွဲ့ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရိပ်သာလမ်း ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ တူးဖော်လျက်ရှိသော ကင်းပွန်းကုန်းကျေးရွာရှိ သောက်ရေကန်များကို ဇူလိုင် ၂၈ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ကျိုင်းတုံမြို့အထွက် လမ်းဘေးဝဲယာ ကပ်တုံးများပြုလုပ်ခြင်းကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၆၀)

သံဖြူဇရပ်မြို့နယ် အမှတ်(၁) မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၂၉ ရက်က ဈေးတာဝန်ခံ ဦးစိုးသိန်းနှင့်အဖွဲ့ ရေမြောင်းအတွင်းမှ နုန်းနှင့် အမှိုက်များ ဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများ ထုတ်ပေးရေးလုပ်ငန်း ပွဲပြီးမီးသေမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့်လုပ်ငန်းဖြစ်

နေပြည်တော် ဩဂုတ် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရေ/လေကြီးကြပ်ဌာနစုမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ရေဆိပ်/လေဆိပ်များမှတစ်ဆင့် ပြည်တွင်းပြည်ပ ခရီးသွားများ သွားလာမှုများပြားလာသည်နှင့်အမျှ လုပ်ငန်းများမှန်ကန်မြန်ဆန်စေရေးနှင့် မှတ်တမ်းစာရင်း ဇယားများစနစ်တကျရှိရေး၊ ခရီးသွားပြည်သူများအပေါ် စေတနာ အပြည့်အဝဖြင့် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံရေးတို့အတွက် ဝန်ထမ်းများအား ရှင်းလင်းချပြရေးတို့ကို မှာကြားဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အလုံမြို့နယ်ရှိ အေးရှားဝေါလ်ကုန်တင်ကုန်ချဆိပ်ခံတံတားသို့သွားရောက်၍ ကုန်တင်ရေယာဉ်များတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တံတားမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးဟောင်း၌ မိမိဌာနဝန်ထမ်းများအတွက် အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းမှာကြား

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တိုင်းဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများနှင့် ရေ/လေကြီးကြပ်ဌာနစုမှ ဝန်ထမ်း (၇၀၀)တို့အားတွေ့ဆုံ၍ ယခုဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းသည် စီမံချက်အရ အချိန်အပုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ယင်းမှာ ပွဲပြီးမီးသေသဘောမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်သည်ကို ဝန်ထမ်းများသိရှိနားလည်ထားကြရန်လိုအပ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆိုင်ရာ အားနည်းချက်/အားသာချက်များကို အစဉ်သုံးသပ်၍ လိုအပ်ချက်များကို ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြံဆဆောင်ရွက်ကြရန်လည်းလိုအပ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ၏ လိုအပ်ချက်နှင့် အခက်အခဲများကို မေးမြန်းကာ ထိထိရောက်ရောက်ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လာဘ်ပေး၊ လာဘ်ယူမှုကင်းရှင်းစွာဖြင့် ပြည်သူက ယုံကြည်ကိုးစားသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် သန်လျင်မြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)သို့ သွားရောက်၍ ရေဆိပ်စစ်ဆေးရေးဌာနစိတ်မှဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမေးမြန်း

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်တန်းမြို့နယ် မြိုင်သာယာကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း၌ မိမိဌာနဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အများပြည်သူရုံးပိတ်ရက်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဖြေလျှော့ဆောင်ရွက်ပေးသည့်စနစ်သစ်နှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ လာရောက်လျှောက်ထားဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းအခက်အခဲများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သန်လျင်မြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ ရေဆိပ်စစ်ဆေးရေးဌာနစိတ်မှ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။	နံနက်ခင်းသတင်း
၇း၂၀	၃။	**FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကိုလံဘီယာအသင်းနှင့် မာလီအသင်း)**
၉း၀၀	၄။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေအထူးပြု) (ဥပဒေပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	သီချင်းကြီးပဒေသာ
၅း၀၅	၇။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅	၈။	၄ှက်တစ်သောင်း
၅း၂၅	၉။	International Science News
၅း၃၅	၁၀။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၀	၁၄။	ရွှေရင်ခုန်သံ
၇း၀၀	၁၅။	မူဆယ်ဒေသအထွက်တိုးစပါး ဒေသဝမ်းစာပိုလျှံသွား
၇း၁၀	၁၆။	**(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ (လှေလှော်)**
၇း၃၀	၁၇။	စိမ်းမြခက်ဝေ
၇း၄၀	၁၈။	အေဝမ်းစိုးမြင့်ဝိုင်း သံစုံတူရိယာဖျော်ဖြေခန်း
၈း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
	၂၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၁)
	၂၄။	ဇာတ်တော်ကြီးပြိုင်ပွဲ(ရုပ်စုံ) ဣလ္လိသဒ္ဒိစိတ္တဇာတ်တော် (ဒုတိယဆု) ဇေယျာသီရိရုပ်စုံသဘင်ပြိုင်ပွဲ (စစ်ကိုင်းတိုင်းဒေသကြီး)
	၂၅။	အစီအစဉ်ပြီး၏။

အဆင့်မီအရည်အသွေးကောင်းရော်ဘာများ ထုတ်လုပ်နိုင်ရေးကြိုးပမ်း အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တို့သည် ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ ရော်ဘာခြံရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က မွန်ပြည်နယ် ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မီအရည်အသွေးကောင်း ရော်ဘာများ ထုတ်လုပ်နိုင်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးမှာကြားပြီး မွန်ပြည်နယ် လယ်ယာကဏ္ဍတွင် အထူးပြုကုမ္ပဏီများ ပေါ်ပေါက်လာစေရေး ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းစဉ် (၈)ရပ်အတွက် ဆပ်ကော်မတီများ ဖွဲ့စည်းလျက်ရှိကြောင်း၊ ပြည်နယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များက ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးနှင့် မြန်မာနိုင်ငံ ရော်ဘာ လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်တို့က ဆန်စပါး ထုတ်လုပ်တင်ပို့ရောင်းချမှု၊ အထူးပြုကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ခြင်းကိစ္စများနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ် ဆန်စပါး လုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ ကျိုက်ထိုမြို့မှ ရော်ဘာလုပ်ငန်းရှင် ဦးဟန်စိန်၊ သထုံမြို့နယ်မှ ရော်ဘာခြံရှင် ဦးကျော်မြင့်နှင့် မော်လမြိုင်မြို့မှ ပဲနှမ်းကုန်သည် ဦးကျော်ခိုင်မြင့်တို့က တင်ပြဆွေးနွေးကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မွန်ပြည်နယ်ထွက် လက်မှုပစ္စည်းများ၊ ရော်ဘာနှင့် ဆန်စပါးနမူနာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီးဦးတင်ဦးအား မွန်ဂိုလီးယားနိုင်ငံသံအမတ်ကြီးပူးတွဲခန့်အပ်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာစာအဖွဲ့ဦးစီးဌာန အချိန်ပြည့်အဖွဲ့ဝင်ဆရာကြီးများအား ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေး တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ်(၅၂)ရှိ မြန်မာစာအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးများဖြစ်ကြသော ဦးမြင့်ကြည်၊ ဒေါက်တာထွန်းတင့်၊ ဦးစံလွင်နှင့် ဒေါက်တာခင်အေးတို့အား တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးများက မြန်မာစာအဖွဲ့ဦးစီးဌာနတွင် အချိန်ပြည့်အဖွဲ့ဝင် တိုးမြှင့်ဖြည့်ဆည်းပေးရန်တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို စိစစ်ဖြည့်ဆည်းပေးရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း
အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ဖွင့်

နေပြည်တော် ဩဂုတ် ၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည့် အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ် (၇/၂၀၁၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ် (၇/၂၀၁၁) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေး

နေပြည်တော် ဩဂုတ် ၂

ယနေ့ကမ္ဘာတွင် Information Technology ဖွံ့ဖြိုးတိုးတက်နေပြီး Internet, Website တို့မှတစ်ဆင့် ဈေးကွက်မြှင့်တင်ကြော်ငြာခြင်း၊ ခရီးစဉ်များရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်နေကြသော်လည်း လူ့သဘောသဘာဝအရ ပိုမိုယုံကြည်စိတ်ချစွာ သွားလာလည်ပတ်လိုသော ခရီးသည်များသည် Tour Operator များ၊ Travel Agency များ၏ ဝန်ဆောင်မှုများကို မှီခိုအားထားနေကြဆဲဖြစ်ကြောင်း၊ ထို့အတွက် ယနေ့ကျင်းပသည့် ဆွေးနွေးပွဲတွင် အဓိက Tour Operator များကိုပါ ဖိတ်ကြားပါဝင်စေကာ ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတများ အပေါ်မူတည်သည့် အကြံပြုချက်များ၊ သုံးသပ်ချက်များဖြင့် အနာဂတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် အကြံပြုလိုပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးညှိနှိုင်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြောကြားသည်။

ချမှတ်ဆောင်ရွက်

ယင်းဆွေးနွေး ညှိနှိုင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာန တစ်ခု ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် အဘက်ဘက်က ပြည့်စုံသော အရည်အချင်းပြည့်ဝသည့် ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါ်ထွက်လာရေးစသည့် ဦးတည်ချက်များကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် မရှိမဖြစ် အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းကဏ္ဍများ၌ လုပ်ကိုင် ဆောင်ရွက်နေကြသည့် လုပ်သားများအတွက် ကျွမ်းကျင်မှု ပိုမိုရှိစေရေး၊ ခရီးသည်များကို မှန်ကန်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရေးတို့ကို ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများကို သက်ဆိုင်ရာခရီးစဉ်ဒေသအလိုက် စီစဉ်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထိုသို့ ခရီးသွားလုပ်ငန်းနှင့် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများကို ပိုင်နိုင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ပြီး ဟိုတယ်ဇုန်များကို ဖွဲ့စည်းထားခဲ့ရာ ယခုအခါ နေပြည်တော်ဟိုတယ်ဇုန် အပါအဝင် စုစုပေါင်း ဇုန် (၁၁)ခု ရှိပြီးဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာ့ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နိုင်ငံခြားခရီးသည် ဝင်ရောက်မှု ပိုမိုတိုးတက်လာစေရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးညှိနှိုင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြင်ပလူနာဌာန ဆေးကုသခန်းဆောက်လုပ်ရန် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ကျင်းပသည့် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်တွင် သီတင်းသုံးနေထိုင်ကြသော သံဃာတော်များ၊ သီလရှင်များ၊ ဆင်းရဲနွမ်းပါးလူပုဂ္ဂိုလ်များအတွက် ပြင်ပလူနာဌာန ဆေးကုသခန်း ဆောက်လုပ်ရန် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဇီဝိတဒါနသံဃာ့ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ငွေကျပ်သိန်း ၂၀၀၀ မတည်အလှူရှင် ဒေါ်ပိုးဖြူက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်

ယင်းနောက် အလှူရှင်များက လှူဒါန်းငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ**(အောက်ပုံ)**နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် ၂၇ ဦးတို့၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၁၄၈ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆:၃၀	MRTV-4 သတင်း
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၄)
၇:၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Portugal Vs Cameroon)(LIVE)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၆)
၁၀:၁၅	MRTV-4 7th Anniversary Live Show (Part-2)
၁၁:၀၀	မိုးကုတ်မြို့ကျပ်ပြင်(အထက)မှ အာစရိယသို့ဝန္ဒာမိလွှာ
၁၁:၂၀	တော်ဝင်စင်တာ (စတုဒိသာအလှူတော်မင်္ဂလာ)
၁၁:၃၀	မွေးနေ့အလှူကုသိုလ်ယူ
၁၁:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၀	ဇာတ်သဘင်နှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်ဦးညို)
၁၂:၄၀	ရဲယိုနှင့်ကျန်းမာရေး
၁၂:၅၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငုံးဥနှင့်ဝက်သားစတူးနှင့် သရက်သီးမှည့်သုပ်)
၁:၀၀	**ဝဋ်ကြွေးရှိကရှောင်လို့မရ** တရားတော် (ဆရာတော်အရှင်ဓမ္မသိရီ)
၁:၄၅	ဆုပန်ရည်စူးအရောက်ဖူး… မြတ်ဘုရားဖောင်တော်ဦး
၂:၀၀	MRTV-4 သတင်း
၂:၂၀	စကားနပန်း
၃:၁၀	Activities in the city (HVAC System Works နှင့် ပတ်သက်သော နည်းပညာဟောပြောပွဲ)
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၄)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း -၂၆)
၄:၅၀	ခနုဖြူမြို့၊ ဇောတိကာရုံ ကျောင်းတိုက်မှဂုဏပူဇာသဘင်
၅:၀၀	အနုပညာရပ်ဝန်းမှရှင်ခုန်သံများ **နောက်တယ်နော် ရိုက်ကွင်း အမှတ်တရ**
၅:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၄၀	မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁
၆:၀၀	MRTV -4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း -၈၅)
၇:၀၀	MRTV-4 7th Anniversary Live Show (Part-3)
၈:၀၀	MRTV -4 သတင်း
၈:၃၀	Cartoon Show Time
၉:၁၀	သင်ကြားရေးလမ်းညွှန် (Spectrum International the institute of holistic Learning)
၉:၃၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၇)
၁၀:၂၀	FIFA U-20 WORLD CUP COLOMBIA 2011 (Uruguay Vs New Zealand) (DELAY)
၁၂:၀၅	Industrial Talk
၁၂:၃၅	နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းကသဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၁:၀၅	မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းနှင့် ဖြည့်စွက်စာကျွေးနည်း (ဒေါက်တာသိန်းသိန်းမြင့်)
၁:၁၅	Man and the Elephant (အပိုင်း-၂)
၁:၄၅	ငွေဆောင်ဒေသရဲ့သရက်တောထိုးမုန့်
၁:၅၅	မင်းမသိသေးပါဘူးကွာ (ဇော်၊ ၄က်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၂:၀၀	FIFA U-20 WORLD CUP COLOMBIA 2011 (Colombia Vs Mali) DELAY
၃:၄၅	အောင်မြင်ရှင်သန်နေသောရော်ဘာ စိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
၃:၅၅	အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၄:၁၀	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၄:၃၀	FIFA U-20 WORLD CUP COLOMBIA 2011 (Ecuador Vs Spain) (LIVE)

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၈-၂၀၁၁

ကျောက်ဖြူမြို့	၄ ဒသမ ၅၇ လက်မ
တောင်ငူမြို့	၃ ဒသမ ၇၈ လက်မ
သိမ်ဇရပ်မြို့နှင့်လောင်းလုံမြို့	၃ ဒသမ ၄၃ လက်မ
ပဲခူးမြို့	၃ ဒသမ ၃၈ လက်မ
အမ်းမြို့	၃ ဒသမ ၂၇ လက်မ
မကွေးမြို့	၃ ဒသမ ၁၈ လက်မ

Developer Conference (Yangon) 2011 တက်ရောက်ရန် စာရင်းပေးသွင်းနိုင်

ရန်ကုန် ဩဂုတ် ၂

Developer Conference (Yangon) 2011 ကို ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ မြန်မာအင်ဖိုတက်ခ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ DevCon တွင် နိုင်ငံတကာမှ ဖိတ်ကြားထားသော ပညာရှင်များနှင့် မြန်မာနိုင်ငံအတွင်းရှိ Industry ၌ ပါဝင်ဆောင်ရွက်နေကြသည့် Developer များက စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ဩဂုတ် ၁၅ ရက်နောက်ဆုံးထား၍ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောင်(၄) အခန်း(၄)ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၌ စာရင်းသွင်းမှတ်ပုံတင်ကြရန်နှင့် Online မှလည်း စာရင်းပေးသွင်းနိုင်သည်။ ထို့အပြင် Conference ကျင်းပသည့်နေ့တွင်လည်း လာရောက်တက်ရောက်နိုင်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၆ နှင့် ၀၉-၇၃၀၈၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လင်းလက်တောက်ပနေသည့် ဟောလီဝုဒ်ငွေကြယ်ပွင့် စကားလက်ဂျိုဟန်ဆင်၏ ဘဝပုံရိပ်



လော့စ်အိန်ဂျလိစ် ဩဂုတ် ၂

၂၀၁၁ ခုနှစ် ဟောလီဝုဒ်ရဲ့ အောင်မြင်မှုအရှိဆုံး ထိပ်တန်းရုပ်ရှင်မင်းသမီးတွေထဲမှာ စကားလက်ဂျိုဟန်ဆင်က ထိပ်ဆုံးမှာပါဝင်နေသူတစ်ဦးဖြစ်ပါတယ်။ ရုပ်ရှင်ကားအများဆုံးပါဝင်သရုပ်ဆောင်နေရသူဖြစ်သလို အောင်မြင်တဲ့အဆိုတော်တစ်ဦးလည်း ဖြစ်ပါတယ်။ **(အပေါ်ပုံ)**

ရုပ်တည်နိုင်

အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ စကားလက်ဂျိုဟန်ဆင်ဟာ ငယ်စဉ်ဘဝ ၁၉၉၄ ခုနှစ်က North အမည်ရှိတဲ့ ရုပ်ရှင်ကားနဲ့ အနုပညာလောကထဲ စတင်ဝင်ရောက်ခဲ့သူဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ Manny & Lo အမည်ရှိတဲ့ ဇာတ်ကားမှာ အသက်အငယ်ဆုံးနှင့် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုအတွက် အမည်စာရင်းရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ Fall ဇာတ်ကားနဲ့ အကောင်းဆုံးလူငယ်အမျိုးသမီး သရုပ်ဆောင်ဆု ရွေးချယ်ချီးမြှင့်ခြင်းခံရပြီးနောက် ဟောလီဝုဒ်မှာ ထိပ်တန်းရုပ်ရှင်မင်းသမီးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ပါတယ်။ စကားလက်ဂျိုဟန်ဆင်ဟာ အနုပညာမျိုးရိုးက ဆင်းသက်လာသူဖြစ်ပြီး ဖခင်ဖြစ်သူ ခရစ်စတင်းဂျိုဟန်ဆင်က ဗိသုကာပညာရှင်တစ်ဦးဖြစ်သလို မိခင်ဖြစ်သူ မီလိန်းစတုန်းက ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်ပါတယ်။ အဘိုးဖြစ်သူ အီဂျနာ ဂျိုဟန်ဆင်ကတော့ ဒါရိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်တာမို့ စကားလက်ဂျိုဟန်ဆင်ဟာ ငယ်စဉ်ကတည်းက ရုပ်ရှင်အနုပညာနဲ့ ထိတွေ့ခဲ့သူဖြစ်ပါတယ်။ တကယ်တော့ စကားလက်ဂျိုဟန်ဆင်ဟာ သူ့ဖခင်ရဲ့ ဒုတိယအိမ်ထောင်က မွေးဖွားလာတာဖြစ်လို့ ငယ်စဉ်ကတည်းက မိခင်ဖြစ်သူက သူ့ရဲ့ အနုပညာလောကထဲကို လက်ဆွဲပြီးခေါ်လာခဲ့သူလည်းဖြစ်ပါတယ်။

ရိုက်ကူးနေ

စကားလက်ဂျိုဟန်ဆင်ရဲ့ အောင်မြင်ခဲ့တဲ့ ဇာတ်ကားတွေကတော့ The Horse Whisperer၊ The Man Who Wasn't There ၊ Ghost World ၊ The Island နဲ့ Iron Man 2 ဇာတ်ကားတို့ဖြစ်ပါတယ်။ လာမည့် ၂၀၁၂ ခုနှစ်မှာ ရုံတင်ပြသမယ့် The Avengers ဇာတ်ကားကတော့ လက်ရှိရိုက်ကူးနေဆဲ ဖြစ်ပါတယ်။

စကားလက်ဂျိုဟန်ဆင်အနေနဲ့ ဂီတဘက်မှာလည်း ပါရမီထူးချွန်သူဖြစ်ပြီး ၂၀၀၆ ခုနှစ်က ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ The Sound of Music တေးအယ်လ်ဘမ်နဲ့ ၂၀၀၇ ခုနှစ်မှာ What Goes Around.... Comes Around တေးအယ်လ်ဘမ်တွေ ထုတ်လုပ်ခဲ့ရာက အောင်မြင်မှုတွေရရှိခဲ့ပြီး MTV Video Music Awardsဆုကို ရရှိခဲ့သူလည်းဖြစ်ပါတယ်။

ရုပ်ရည်ချောမောလှပပြီး ဆွဲဆောင်မှုလည်းရှိတဲ့အပြင် ရုပ်ရှင်နဲ့ ဂီတအနုပညာလုပ်ငန်းတွေမှာ အောင်မြင်မှုရရှိနေဆဲ စကားလက်ဂျိုဟန်ဆင်ဟာ ၂၀၀၇ ခုနှစ်မှာ ကနေဒါရုပ်ရှင်မင်းသား ရိုင်ရေးနိုလ်နဲ့တွဲခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှာ လက်ထပ်ခဲ့ကြပါတယ်။ လက်ထပ်ပြီး လော့စ်အိန်ဂျလိစ်မြို့အနီးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်းတန်အိမ်မှာ နေထိုင်ခဲ့ကြပေမယ့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှာတော့ နှစ်ဦးသဘောတူ လမ်းခွဲခဲ့ကြပါတယ်။

အခုအချိန်မှာတော့ အနုပညာမှာအောင်မြင်ကျော်ကြားမှုရရှိနေပေမယ့် အိမ်ထောင်ရေးကံမကောင်းသူ စကားလက်ဂျိုဟန်ဆင်ဟာ တစ်ဦးတည်း အနုပညာလုပ်ငန်းများ ဆောင်ရွက်ပြီး ကျော်ကြားနေသူ ဖြစ်ပါကြောင်း။ ॥ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – ရေးသားသည်

ဘရုစ်လီ၏ပစ္စည်းများ လေလံတင်မည်



ဟောင်ကောင် ဩဂုတ် ၂

တရုတ်နိုင်ငံမှ ကမ္ဘာကျော်ရုပ်ရှင်မင်းသား ဘရုစ်လီ **(ဝဲပုံ)**၏ အသုံးအဆောင်ပစ္စည်းအချို့ကို လာမည့်ဩဂုတ် ၆ ရက်၌ ဟောင်ကောင်တွင် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

လေလံတင်

၁၉၇၃ ခုနှစ်က အသက် ၃၂ နှစ်အရွယ်တွင် သေဆုံးခဲ့သောဘရုစ်လီသည် ကမ္ဘာတစ်ဝန်းမှပရိသတ်များ အထူးနှစ်သက်သဘောကျ အားပေးခဲ့သည့် တရုတ်ရုပ်ရှင်မင်းသားတစ်ဦးဖြစ်သည်။ ယခုအခါ ၎င်းရေးသားခဲ့သည့် စာတစ်စောင်နှင့်ကုတ်အကျႌတစ်ထည်တို့အပါအဝင် အခြားအသုံးအဆောင်ပစ္စည်း ၁၃ မျိုးကို လေလံတင်ရောင်းချမည်ဖြစ်သည်။

၎င်းစာမှာ ဘရုစ်လီသည် ၁၉၆၆ ခုနှစ်က သူ၏သူငယ်ချင်းတစ်ဦးထံ ရေးသားခဲ့သော ကိုယ်တိုင်လက်ရေးမူစာတစ်စောင်ဖြစ်ပြီး ကုတ်အကျႌမှာ သားမွေးများဖြင့် ပြုလုပ်ထားသည့် အကျႌဖြစ်သည်။ ယင်းကုတ်အကျႌကို ဘရုစ်လီကအထူးနှစ်သက်စွာ ဝတ်ဆင်ခဲ့သည်။ ဘရုစ်လီ၏ ယခုပစ္စည်းများကို ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၁၁၂၉၀၀ သတ်မှတ်ထားရာ ပိုမိုရရှိမည်ဟု လေလံတင်ရောင်းချရေးအဖွဲ့က မျှော်မှန်းထားသည်။ **(အင်တာနက်)**

လီယိုနာဒိုနှင့် ဆမ်မင်းဒက်စ်တို့အား ရွေးချယ်ရခက်ခဲ့ဟု ကိတ်ဝင်းစလက်ပြောကြား

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂

ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်က မိမိသည် အိမ်ထောင်မပြုခင်က ရုပ်ရှင်မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့်လက်ရှိခင်ပွန်းဖြစ်သူ ဒါရိုက်တာဆမ်မင်းဒက်စ်တို့နှစ်ဦးအနက် မည်သူ့ကိုလက်ထပ်ရမည်ဆိုသည်ကို ရွေးချယ်ဆုံးဖြတ်ရန်ခက်ခဲခဲ့ရကြောင်း ဩဂုတ် ၁ ရက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားလိုက်သည်။

တိုင်တန်းနစ်ရုပ်ရှင်ကားတွင် အတူပူးတွဲသရုပ်ဆောင်ခဲ့သော ရုပ်ရှင်မင်းသား လီယိုနာဒိုကို မိမိသဘောကျခဲ့သလို ဒါရိုက်တာဆမ်မင်းဒက်စ်ကလည်း ငြင်းပယ်စရာမရှိအောင် မိမိအပေါ်အလေးထားသူဖြစ်ကြောင်း ကိတ်ဝင်းစလက်က ပြောကြားသည်။ (ယာပုံ)



စီစဉ်

ကိတ်ဝင်းစလက်က မိမိအနေဖြင့် စိတ်သဘောထားမွန်မြတ်ပြီး မိမိအပေါ် နားလည်မှုအပြည့်ရှိသော ဒါရိုက်တာဆမ်မင်းဒက်စ်ကို လက်ထပ်ဖြစ်ခဲ့သော်လည်း လီယိုနာဒိုအပေါ် အကောင်းဆုံးမိတ်ဆွေအဖြစ် ခင်မင်မှုမပျက်ခဲ့ကြောင်း ဆက်လက်ပြောကြားသည်။ လီယိုနာဒို၊ ကိတ်ဝင်းစလက်နှင့် ဒါရိုက်တာဆမ်မင်းဒက်စ်တို့ပူးတွဲပြီး မကြာမီ ရုပ်ရှင်ကားတစ်ကားရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ (အင်တာနက်)

မြင့်မောင်စိုး – ရေးသားသည်

တောင်ပံကစားသမား ဗလင်စီယာအား မန်ယူ နောက်ထပ်လေးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၂

မန်ယူတောင်ပံကစားသမား အန်တိုနီယိုဗလင်စီယာ ***(အပေါ်ပုံ)****အား ၎င်းကလပ်က လေးနှစ်ထပ်မံစာချုပ်လိုက်သဖြင့် ၂၀၁၅ ခုနှစ်အထိ မန်ယူကွင်း အိုးထရက်ဖို့ဒ်၌ ဆက်လက်ကစားရမည်ဖြစ်သည်။*

သွင်းယူပေး

အသက် ၂၅ နှစ်အရွယ်ရှိ ဗလင်စီယာသည် ၂၀၀၉ ခုနှစ်က ဝီဂန်အသင်းမှ မန်ယူသို့ ပြောင်းလာပြီးနောက် ၆၉ ပွဲ ကစားခဲ့ရာတွင် ၁၀ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

"ကျွန်တော်မန်ယူမှာကစားရတာ ပျော်ပါတယ်။ ဆက်လက်ပြီးတော့လည်း အောင်မြင်မှုတွေရအောင် ကြိုးစားသွားမှာပါ" ဟု ၎င်းက မန်ယူဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

အီကွေဒေါ်ဘောလုံးသမား ဗလင်စီယာသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ခြေမျက်စိဒဏ်ရာရခဲ့သဖြင့် အစပွဲ ရှစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့သည်။ သို့သော် နည်းပြဖာဂူဆန်က ဗလင်စီယာအား နောက်ထပ်လေးနှစ်ထပ်မံစာချုပ်ခဲ့သည်။ ***(အင်တာနက်)***

ယူ-၁၉ ဥရောပချန်ပီယံရှစ်ဖလား စပိန်လူငယ်များ ဆွတ်ခူးရရှိ

ချန်နာ (ဘူခါရက်) ဩဂုတ် ၂

အသက် ၁၉ နှစ်အောက် (ယူ-၁၉) ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁ ရက်က ဘူခါရက်၌ ကျင်းပရာ စပိန်လူငယ်အသင်းနှင့် ချက်သမ္မတနိုင်ငံ လူငယ်ဘောလုံးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါဗိုလ်လုပွဲတွင် စပိန်လူငယ်ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့သည်။ (ယာပုံ) စပိန်လူငယ်အသင်းသည် တိုက်စစ်ဖွင့်ကစားနိုင်ခဲ့သဖြင့် လက်ရှိချန်ပီယံ ချက်သမ္မတနိုင်ငံအသင်းကို အနိုင်ရလိုက်ခြင်းဖြစ်သည်။ စပိန်ဘောလုံးအသင်းသည် လက်ရှိကမ္ဘာ့ချန်ပီယံဖြစ်သကဲ့သို့ ဥရောပချန်ပီယံလည်းဖြစ်သည်။ အသက် ၁၉ နှစ်အောက် စပိန်အသင်းတွင် စပိန်လက်ရွေးစင်အသင်းမှ လူငယ်ကစားသမားအများစု ပါဝင်ကစားခဲ့သည်။ (အင်တာနက်)

နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံ ဖလားဆွတ်ခူး

ကယ်လီဖိုးနီးယား ဩဂုတ် ၂

ကမ္ဘာ့နာမည်ကြီး တင်းနစ်အားကစားမယ် ဆီရီနာဝီလျံ ***(ဝဲပုံ)****သည် ကယ်လီဖိုးနီးယားပြည်နယ် စတန်းဖို့ဒ်၌ ကျင်းပသော The Bank of the West Classic တင်းနစ်ဗိုလ်လုပွဲတွင် ပြင်သစ်အားကစားမယ် မာရီယွန်ဘာတိုလီအား အနိုင်ရပြီး ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။*

ဆီရီနာဝီလျံသည် ပြိုင်ပွဲတွင် ၇-၅၊ ၆-၁ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၁၀ ခုနှစ် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲအပြီး ပထမဆုံးဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်ဟောင်း ဆီရီနာဝီလျံသည် ဒဏ်ရာကြောင့် ပွဲအတော်များများ မကစားနိုင်သဖြင့် ကမ္ဘာ့အဆင့် ၁၆၉ အထိ ကျဆင်းခဲ့ရသည်။ သို့သော် ယခုဖလားပြန်လည်ဆွတ်ခူးနိုင်သဖြင့် ကမ္ဘာ့အဆင့် ၇၉ သို့ ပြန်လည်ရောက်ရှိလာသည်။ ***(အင်တာနက်)***

မွန်တီနီဂရိုးတိုက်စစ်မှူး ပူစီနစ် ဂျူဗင်တပ်စ် လေးနှစ်စာချုပ်

ရောမ ဩဂုတ် ၂

မွန်တီနီဂရိုးတိုက်စစ်မှူး မီယာကိုပူစီနစ် *(ယာပုံ)* ***အား ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း ဂျူဗင်တပ်စ်အသင်းက ဩဂုတ် ၁ ရက်တွင် ကြေညာသည်။ အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပူစီနစ်အား ရိုးမားအသင်းမှ ဂျူဗင်တပ်စ်အသင်းက ပြောင်းရွှေ့ကြေးယူရို ၁၅ သန်းဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။***

ဂျူဗင်တပ်စ်အသင်းက ပူစီနစ်အား လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ "ဂျူဗင်တပ်စ်အသင်းဟာ ပူစီနစ်ရောက်လာတဲ့အတွက် ပိုပြီးအောင်မြင်မှုတွေရနိုင်ပါတယ်။ သူဟာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး ခြောက်ဦးထဲမှာ တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ တကယ်တော့သူဟာ မန်ယူ သို့မဟုတ် ချယ်လ်ဆီးမှာ ကစားသင့်တဲ့သူပါ" ဟု မွန်တီနီဂရိုး ဘောလုံးအသင်း ဥက္ကဋ္ဌ ဒီဂျွန်ဆာဗစ်က ပြောကြားသည်။ (အင်တာနက်)

ပန်းတနော်၌ သဘာဝမြစ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ပန်းတနော် ဩဂုတ် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတတိုးပွားရေးအတွက် သဘာဝမြစ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက်က ပန်းတနော်မြစ် သီဟတံတား၌ ကျင်းပရာ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငြိမ်းမြိုင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ စုပေါင်း၍ မြစ်အတွင်း ငါးမျိုးကောင်ရေ သုံးသိန်းနှင့် ငါးရှဉ့်ကောင်ရေ နှစ်သောင်းတို့ကို မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

ဆက်လက်၍ အဆိုပါအဖွဲ့သည် ဘဝိုင်းကျေးရွာအတွင်းရှိ ဒေသခံတောင်သူ ၁၂ ဦး၏ လယ်မြေစပါးခင်းများအတွင်း ငါးခုံးမကြီးကောင်ရေ လေးသောင်းကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(၁၄၃)**

ရန်ကင်း အမက (၁၂) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၌ ၁၉၆၈ မှ ၁၉၉၂ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို ကျောင်းသူဟောင်းများက ဖတ်ကြားရှင်းလင်းပြီး ဂီတပညာရှင်လုလင်ငယ်သွေး မောင်သန်းအေးက မြတ်ဆရာ တေးသီချင်းဖြင့် ပူဇော်သည်။

ထို့နောက် ကျောင်းသားဟောင်း ကိုစိုးစိုးက ကန်တော့ကြိုးကို တိုင်ပေးကာ အငြိမ်းစား ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ရှိခိုးကန်တော့ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီ၊ အငြိမ်းစားဆရာကြီး ဦးသန်းအောင်နှင့် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးတို့က ဆုံးမဩဝါဒစကားများ ပြောကြားသည်။

ပေးအပ်

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ဆုရရှိခြင်းအတွက် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

International Arch of Europe Gold Category Award 2011 ဆုကို Great FATHER LAND Construction & Decoration Co.Ltd. မှ ရရှိခဲ့ခြင်းအတွက် ဂုဏ်ပြုမိတ်ဆုံစားပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပရာ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကုမ္ပဏီဝန်ထမ်းများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ယင်းဆုကို Great FATHER LAND Construction & Decoration Co.,Ltd. အား စပိန်နိုင်ငံရှိ BLD မက်ထရစ်အဖွဲ့က အရည်အသွေး၊ စံချိန်စံညွှန်းနှင့်အညီ စိစစ်ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းနှင့် Myanmar Economic Research International (MERI) တို့ပူးပေါင်း၍ "Dental Clinic Management in Japan" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဩဂုတ် ၅ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI)ခန်းမ၌ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ အသင်းဝင်သွားဘက်ဆိုင်ရာဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်မည့် အံတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၂၇ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အထက(၂)စမ်းချောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

အထက(၂)စမ်းချောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၀၀၄ မှ ၂၀၁၁ ခုနှစ်အထိ ရှစ်နှစ်ဆက်တိုက် အောင်ချက်ရာခိုင်နှုန်း ၉၀နှင့် အထက်ရရှိအောင် သင်ကြားပို့ချပေးသော ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများအား ပူဇော်ကန်တော့ပွဲကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂) စမ်းချောင်း စံပယ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂

အရုဏ်သစ်စာကြည့်တိုက် ပြင်ဦးလွင်၌ဖွင့်

ပြင်ဦးလွင်မြို့နယ် ဖာ့သင်းကျေးရွာအုပ်စု အင်းပုတ်ကျေးရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး အရုဏ်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမိုးကျော်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံညွှန့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်လက်ထောက်ပညာရေးမှူး ဦးသိန်းစိုးက အသိပညာဗဟုသုတမြင့်မားရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများနှင့် သုတ ရသ၊ စာအုပ်စာစောင် ၁၇၀၀ကျော်ကိုပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိန်ဦးက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၂၃ ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းတစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စုံတောမြိုင်စာကြည့်တိုက်သစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအုပ်စု ဗျောက်ရိုးကျေးရွာ၌ စုံတောမြိုင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစစ်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ဝဲပုံ)

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌတို့က စံ(၅)ရပ်နှင့်အညီ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့မှ စာအုပ်စာစောင် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ပညာရည်ချွန်ဆုပေးပွဲ ရမည်းသင်းမြို့တွင် ကျင်းပ

ရမည်းသင်း ဩဂုတ် ၂

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ ရမည်းသင်းမြို့နယ်မှ ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၁၉ ဦး စုစုပေါင်းဂုဏ်ထူးရှင် ၃၅ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါဂုဏ်ပြုပွဲတွင် ဦးသန်းထွဋ်(လူမှုထူးချွန်ပထမဆင့်) မန္တလေးမြို့က မတည်ထားသော ပညာရည်ချွန်ဆုနှင့် ယဉ်ကျေးလိမ္မာသင်တန်းငွေပဒေသာပင်မှ စတုတ္ထအကြိမ်ဆုများချီးမြှင့်ခြင်းဖြစ်ပြီး ငွေပဒေသာပင်စိုက်ထူလိုသော ရပ်နီးရပ်ဝေးမှ စေတနာရှင်များအနေဖြင့် ဦးသန်းထွဋ် ဖုန်း-၀၉-၂၀၁၈၂၀၂ (မန္တလေး)၊ ဦးသိန်းမြင့် ဖုန်း-၀၉-၅၀၀၉၇၃၅ (ရန်ကုန်မြို့)နှင့် ဦးသန်းဝင်း ဖုန်း-၀၉-၂၂၂၈၇၁၃ (ရမည်းသင်းမြို့) တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(၄၀၆)**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအတွက် ဇူလိုင် ၂ရက်က မော်လမြိုင်မြို့ ပြည်တော်သာဝင်း အမှတ် (၁၄/၈) နေ ဦးရန်ကင်း-ဒေါ်တင်ဝင်း မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့ လက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၁၀၇)

မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် ဩဂုတ် ၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အသင်းရုံးတည်ရှိရာ အမှတ်(၃၀)ရပ်ကွက်၌ ဇူလိုင် ၁ ရက် နံနက်က ကျင်းပရာ အခမ်းအနားတွင် ခရိုင်သာသနာရေးမှူး ဦးညဏ်ဌေး၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးထွန်းလွင်နှင့် ဦးဇော်လင်းတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်များက မြို့နယ်သာသနာ့နုဂ္ဂဟအသင်းသို့ ငွေကျပ် ၆၃၆၀၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အသင်း)**

တောင်သူဦးရေနှင့် စပါးစိုက်ပျိုးမှု ကျေးရွာအုပ်စုအလိုက် စာရင်းကောက်

မော်လမြိုင်ကျွန်း ဩဂုတ် ၁

မော်လမြိုင်ကျွန်းမြို့နယ် မြေစာရင်းဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိသော ကျေးရွာအုပ်စုအလိုက် လုပ်ခွင့်ရဧကအလိုက် တောင်သူဦးရေနှင့် စပါးစိုက်ပျိုးသည့် စာရင်းများအား မြို့နယ်အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခြင်းကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဒေါင်းရေကျော်မြင်းကကုန်းကျေးရွာအုပ်စု ဒေါင်းရေကျော်ကျေးရွာ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မျိုးဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိန်းထွန်းနှင့်ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မျိုးဝင်း **(အောက်ပုံ)**က ကျေးရွာအုပ်စုအလိုက် တောင်သူဦးရေနှင့် လုပ်ခွင့်ရဧကစာရင်းများ ကောက်ယူမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ (၀၆၅)

မြို့နယ်

သတင်း

ထွေတလာ

ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

ကြို့ပင်ကောက် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း၊ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အခြေခံပညာ အထက်တန်းကျောင်း ရွှေညီလာခန်းမ၌ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တက်ရောက်လာသူများက ဆုချီးမြှင့်ရာ မြို့နယ်စေတနာရှင်အလှူရှင်များက ငွေကျပ် ၁၁၈၀၀၀၀၊ ကြို့ပင်ကောက်မြို့နယ်အသင်းက ငွေကျပ် ၃၅၇၀၀၀နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ၁၂၅၀၀၀၀ တို့ကို ချီးမြှင့်ပြီး မြောက်ဘာသာဂုဏ်ထူးရှင် မချိုချိုယဉ်အား ရွှေပြားနှင့် ဆန်စပါးအထူးပြု ကုမ္ပဏီဥက္ကဋ္ဌ ဦးပြားကြီးက ငွေကျပ်နှစ်သိန်း ထပ်မံ ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** (၁၁၁)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မြန်အောင်မြို့နယ် ပိန်းအင်းကျေးရွာအုပ်စု စမ်းသပြေကုန်းကျေးရွာ အခြေခံပညာမူလတန်း (လွန်)ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၊ မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကျင်းပ

တာချီလိတ် ဩဂုတ် ၁

ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ချိန်သည် တာချီလိတ်မြို့နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူး ဦးသန်းစိုးအောင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက အထက တာချီလိတ်ခန်းမ၌ တွေ့ဆုံပွဲ ကျင်းပသည်။

မှာကြား

အဆိုပါတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး (ပညာ) ဦးအောင်ချိန်က ကျောင်းများ၏ စီမံခန့်ခွဲရေးနှင့်သင်ကြားရေးလုပ်ငန်းများ စနစ်တကျ ပီပီပြင်ပြင်ဆောင်ရွက်ရေး၊ ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုသည် အရေးကြီးသည့် ကဏ္ဍဖြစ်သဖြင့် မှာကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးနှင့် လက်ထောက် ဆရာ ဆရာမများအား စံနမူနာပြ ဦးဆောင်သွားကြရေး၊ မြို့နယ်ပညာရေးမှူးနှင့်တကွ ကျောင်းအုပ်ကြီး အဆင့်ဆင့်မှ တာချီလိတ်မြို့နယ်၏ ပညာရည်မြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဟသ်ာတမြို့နယ် မြို့ဝင်ဆိုင်းဘုတ်၌ မြေယာရှုခင်းဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စဝ်စံထွန်းလမ်းဘေးဝဲယာတွင် ကပ်တုံးများဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၀ရက်က အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရွှေဒါးကျောင်းရှေ့ မြေယာပြုပြင်ခြင်းအား အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုကို ဇွန် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဓနုဖြူမြို့အဝင် မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇူလိုင် ၂၀ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးငွေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ် ဗဟိုဈေးကြီးတွင်ရောင်းချနေသော အသား၊ ငါးဆိုင်များ၌ သန့်ရှင်းလတ်ဆတ်သော အသားများရောင်းချမှု ရှိ/မရှိကို ဒုတိယဦးစီးမှူး(ဈေး) ဦးသိန်းမောင်ထွေးနှင့် တိ၊ မွေး၊ ကုဦးစီးမှူး ဦးစိုင်းဆာနုတို့ ဇူလိုင် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာတောင်တော်ဦးကျောင်းတိုက် (၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

ဗဟန်းမြို့နယ် မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနအားအမှူးပြု၍ ကျောင်းတိုက်အတွင်း ဝါဆိုတော်မူကြမည့် သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်လှူဒါန်းကုသိုလ်ပြုနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
အလှူရှင်များလှူဒါန်းလိုပါက ဖုန်း-၀၁-၃၇၁၇၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်နေ့ ၁၄-၈-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၇ နာရီမှ ၁၁ နာရီအထိ
ကျင်းပမည့်နေရာ - မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၊ သုံးထပ်ကျောင်းတော်ကြီး၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်

ကျောင်းအကျိုးတော်ဆောင်အဖွဲ့





အမည်မှန်

လားရှိုးမြို့ အထက-၆ နဝမတန်း(D)မှ မအေးအေးရွှေ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်း အရ မအားရွှေ ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့ မန်အိုင် အမက မူလွန် ဆဋ္ဌမတန်းမှ ဦးစိုင်းထွန်းရင်-ဒေါ်တင်ဇာအောင်တို့၏ သား မောင်ဉာဏ်လင်းထွန်းအား စိုင်းဆမ်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ယမုံနာ၊ မြေကွက်အမှတ် ၁၃၄၊ မြေကွက်တည်နေရာအမှတ် ၁၃၄၊ ၃လမ်း၊ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်ဦး၊ ဦးစိုးဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးဝင်းနှင့်ဇနီးဒေါ်ခင်လေးဝေ ကွယ်လွန်သဖြင့် ဒေါ်ဟေမာစိုး ၁၂/ဒပန(နိုင်)၀၄၃၅၄၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးအား ပူးတွဲအမည်ပေါက်ဦးမြင့်ဦးနှင့်အတူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျောက်မဲခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က ကျောက်မဲမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဝင်းသိန်းက ကျောင်းသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်စဉ်။ (မြို့နယ်လဝက)

ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကြံခင်းမြို့နယ်၌ကျင်းပ

ကြံခင်း ဩဂုတ် ၂

ဟင်္သာတခရိုင် ကြံခင်းမြို့နယ်၌ ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြောက်မြန်အောင် သစ်တောကြိုးဝိုင်းအကွက် အမှတ်(၁) သစ်ဆိမ့်ကိုင်းကျေးရွာအုပ်စု ကွန်ချောင်းဆည် ရေဝေရေလဲဧရိယာတွင် ဇွန် ၂၉ ရက် နံနက် ၈နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် မြို့နယ် သစ်တောဦးစီးအရာရှိ ဦးဝင်းမြင့်(၅)တို့က သစ်ပင်စိုက်ပျိုးပွဲကျင်းပရသည့် ရည်ရွယ်ချက်၊ ရေရှည်တည်တံ့ခိုင်မြဲအောင်စောင့်ရှောက်ရေးနှင့် မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းရေးတို့ကို မှာကြားသည်။ **(အောက်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဝန်ထမ်းများ၊ ဘက်ရဲရှေ့တန်းစခန်းနယ်မြေ(၁၁)အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်းပျိုးပင် ၁၀၀၀နှင့် ယူကလစ်ပျိုးပင် ၁၀၀၀စုစုပေါင်းအပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်းမြမြို့ (၆) လမ်းမကြီးရှိ ချိုင့်ခွက်များအား ကျောက်ဖြည့်သဲညှပ်၍ ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင်၂၀ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်ဇော် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ပြုဆုချီးမြှင့်

မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့်သင်ကြားပေးသော ဆရာ ဆရာမများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ရက်က ကျေးရွာ အထက ကျောင်းခန်းမ၌ကျင်းပရာ အောဝမ်းဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးရန်ဝင်းက ရေလဲကလေးကျေးရွာ အထက ကျောင်းမှ ဆရာမဒေါ်ခင်သန်းဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ဝ၆၈)

မြောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ရေဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မြောင် ဩဂုတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျီးကုန်းကျေးရွာ အမှတ်(၂) ရေတံခါးတွင် ဇူလိုင် ၂၈ရက် နံနက် ၈နာရီက ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်ဝေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကို၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံရေလုပ်သားများက ငါးမြစ်ချင်း (ငါးမှန်ကြီး)များ၊ ငါးမြစ်ချင်း (ငါးသန်)များကို ရေဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

သဘာဝဘေးအန္တရာယ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖအလှူရှင်များ စုပေါင်း၍ သဘာဝဘေးအန္တရာယ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းများ လှူဒါန်းခြင်းနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဖြဟ္မစိုရ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၂) ပြည်နယ်/တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးများကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူးဦးငွေသင်းရွှေ၊ ရန်ကုန်တောင်ပိုင်းခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဝင်း၊ ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ အလှူရှင်များ၊ ခရမ်းမြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးတင်မြင့်က သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တန်ဖိုးငွေကျပ် ၁၈၀၇၅၅၀ တန်ဖိုးရှိ သဘာဝဘေးအန္တရာယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ လက်ခံပြီး ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဝင်းထံလွှဲပြောင်းပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်း ထွေတလာ



ရွှေကျင်မြို့ မကျည်းတန်းရပ်ကွက် မြောင်းတူးကွန်ကရစ်တံတား ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးဝင်းလှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဟိန်းဇော်တို့ စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် သြဂုတ် ၂

လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၁ ခုနှစ် သြဂုတ် ၂၂ ရက် (တနင်္လာနေ့)တွင် စတင်ကျင်းပရန် ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပြီးဖြစ်သည်။

သတင်းပို့

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ ၂၀၁၁ ခုနှစ် သြဂုတ် ၁၈ ရက်ထက်မစော၊ ၁၉ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ် အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းလျက်ရှိ

နေပြည်တော် သြဂုတ် ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိနေပြီး နောက် ၇၂ နာရီအထိ ဆက်လက်အားကောင်းနေမည်ဟု ခန့်မှန်းရသည်။

အနောက်တောင်မုတ်သုံလေ အားကောင်းမှုနှင့်အတူ မုတ်သုံမိုးအခြေအနေမှာ မြစ်ဝကျွန်းပေါ်ဒေသများအပါအဝင် ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဒေသအချို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နေသည်။ အဆိုပါ မုတ်သုံမိုးအခြေအနေမှာ နောက် ၇၂ နာရီအတွင်း ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသများတွင် ဆက်လက်၍ မိုးရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ပင်လယ်ပြင်တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုင် ၄၀ အထက် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မဒေါက်မြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၂

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၅၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

စုံတောမြိုင် စာကြည့်တိုက်သစ် တွံတေးမြို့နယ်၌ဖွင့်
(စာ - ၁၁)

ယူ-၁၉ ဥရောပ ချန်ပီယံ ရှစ် ဖလား စပိန်လူငယ်များ ဆွတ်ခူးရရှိ။
(စာ - ၁၀)

ဘရုစ်လီ၏ ပစ္စည်းများ လေလံတင်မည်။
(စာ - ၁၀)

လီယိုနာဒိုနှင့် ဆမ်မင်း ဒက်စ်တို့အား ရွေးချယ်ရခက်ခဲ့ဟု ကိတ်ဝင်းစလက် ပြောကြား။
(စာ - ၁၀)

3-8 (20).pmd 1 8/3/2011, 2:08 AM